# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 3 June 2022 ၁၀၇၅၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၂ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

# မိမိတို့ဒေသအလိုက် သစ်ပင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် မိမိတို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နေပြည်တော် ဇွန် ၂

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

### သဘာဝအခြေပြုဖြေရှင်းနည်းများဖြင့် တစ်ခုတည်းသောကမ္ဘာမြေကို ပူးပေါင်းပါဝင် ထိန်းသိမ်းကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆



### နေပြည်တော်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

စာမျက်နှာ » ၁၉

ကြေးမုံ

# ကုန်ထုတ်စွမ်းအားမြင့်မားရေး ဒေသအလိုက်ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ရန် မကြာခဏ လမ်းညွှန်မှာကြားလေ့ရှိသည်။ မြန်မာနိုင်ငံသည် ရေခံ၊ မြေခံ၊ သဘာဝအခြေခံကောင်းများစွာရှိသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးဧက ၃၃ သန်းခန့်ရှိသည်။ သီးထပ်သီးညှပ်များကို ပေါင်းထည့်လျှင် စိုက်ဧက ၄၈ သန်းရှိမည်။ လက်တွေ့စိုက်ဧကမှာ ၁၅ သန်းခန့်သာရှိသဖြင့် တစ်သီးစိုက်သည့်သဘောဖြစ်သည်။ စိုက်ဧက ၁၅ သန်းကို နှစ်သီးစိုက်နိုင်အောင် ကြိုးစားမည်ဆိုလျှင် စိုက်ပျိုးရေးထွက်ကုန်များမှာ ယခုထက် နှစ်ဆတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးထုတ်ကုန်များကို မျှော်မှန်းသည့်အတိုင်း မထုတ်လုပ်နိုင်ခြင်းသည် တွက်ခြေမကိုက်သောကြောင့်ဟု အကြမ်းဖျင်းဆိုနိုင်သည်။ တွက်ခြေမကိုက်၍ မစိုက်ပျိုး၊ မစိုက်ပျိုး၍ အလုပ်မဖြစ်သည့်သဘောရှိသည်။

အလုပ်မဖြစ်၍ စိတ်ပျက်အားလျော့ လက်လျှော့ခြင်းဖြစ်သည်။ အမှန်တကယ်တွင် တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်ပါသည်။ တကယ်အလုပ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုရင်းဖြစ်သည်။ လိုအပ်သော မြေ၊ မျိုး၊ ရေတို့ကို နိုင်ငံတော်က ဖန်တီးပေးနိုင်ပေလိမ့်မည်။ လက်တွေ့တွင်လည်း စိုက်ပျိုးထုတ်ကုန်အထွက်တိုးရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန် အသင့်ရှိသည်။ လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲက မကြာခဏ လမ်းညွှန်မှာကြားထားသည်။

စိုက်ပျိုးထုတ်ကုန်များ အထွက်တိုးလာလျှင် မွေးမြူရေးတွင်လိုအပ်သော အစားအစာများ ပေါများလာမည်။ တိရစ္ဆာန်အစားအစာပေါများလာလျှင် စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများလည်း အတူလိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်သည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားများကို သဘာဝအခြေခံကောင်းများရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့အစီအစဉ်ဖြင့် လုပ်ကိုင်နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာသည်။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်များ ပေါများလာသည်။ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံခြင်းသည် လုပ်အားခသက်သာခြင်းနှင့်ကုန်ကြမ်းမှ တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများရှိသောကြောင့်ဖြစ်သည်။

မြန်မာတို့အနေဖြင့် သူတစ်ပါးကို အားကိုးနေရခြင်းထက် မိမိတို့အစွမ်းအစဖြင့် ရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ်ကြဖို့လိုအပ်ပေသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ဒေသအလိုက်စီးပွားရေးဇုန်များ၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများထက် မိမိတို့ဒေသမှ ထွက်ရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ ဆက်စပ်ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုပြင်ပြောင်းလဲထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများပေါများလာကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တစ်ဆက်တည်းပင် နိုင်ငံတော်၏ စီးပွားရေးလည်း မြင့်မားတိုးတက်လာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်။

ယခင်ကာလက မြန်မာနိုင်ငံထက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ မကြာသေးမီက မြန်မာနိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံ ထုတ်ကုန်ပစ္စည်းများ ဝင်ရောက်လာသည်ကိုတွေ့ရသည်။ ဗီယက်နမ်နိုင်ငံဆိုလျှင်လည်း မြန်မာနိုင်ငံ၌ပင် လာရောက်ရင်းနှီးမြှုပ်နှံနေကြပြီဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သည့် စွမ်းအားရှိမှု၊ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုကြောင့်ဖြစ်သည်ကို သတိပြုမိဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်နိုင်သည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံရှိပြီးသားဖြစ်သည့် ရေ၊ မြေ၊ သဘာဝအခြေခံများနှင့် လူ့စွမ်းအားအရင်းအမြစ်များအား ထိရောက်စွာအသုံးချ၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ တင်တင်ထွေး | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာ သီတာကြူ | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) ဒေါက်တာ ခင်စန်းစန်းဝင်း | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်ကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် Disposable Face Mask တစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၆၀၀ | ၅၇ | ၄၂၆,၀၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၅၀၂ | ၁,၃၅၅,၄၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၇,၅၀၀ | ၁,၂၃၀ | ၂၁,၅၃၀,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၄၉ | ၁၂၄,၉၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃၃၃ | ၁,၆၀၀,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၇၇.၃ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၇.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၆၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၃၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၅၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၁.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၅.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၄.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၂ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❂ ရွှေဖုံးမှ

ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြင်းထန်ခဲ့သဖြင့် ပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ မြေဆီမြေနှစ်များ နိုးထချိန်၊ မိုးရေမှန်မှန်ရချိန်ဖြစ်သည့် ဇူလိုင်လအတွင်း အများအားဖြင့် ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် မိုးဦးကျစောသည်သာမက မိုးလေဝသသည်လည်း သင့်တင့်မှန်ကန်နေပြီဖြစ်သည့်အတွက် ယခင်နှစ်များထက်စော၍ ပြုလုပ်ခြင်းဖြစ်ကြောင်း။

သစ်ပင်များသည် သက်ရှိသတ္တဝါများအားလုံး၏ အဓိကအစာကွင်းဆက်ဖြစ်သကဲ့သို့ သက်ရှိသတ္တဝါများ အချိန်နှင့်အမျှ ရှူသွင်းနေသည့် အောက်ဆီဂျင်ကို ထုတ်ပေးနေသည့် သဘာဝအောက်ဆီဂျင်ထုတ်စက်များလည်းဖြစ်ကြောင်း၊ အပင်စိုက်ပျိုးခြင်းသည် စိုက်ပျိုးသူကိုယ်တိုင်နှင့် စိုက်ပျိုးသူများ၏ ပတ်ဝန်းကျင်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပြီး မိမိတို့၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

လူ့ပတ်ဝန်းကျင်တွင် **"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်"**၊ **"တစ်သက်ပျော်ချင် သစ်ပင်စိုက်"** ဟူသည့် အဆိုအမိန့်စကားရပ်များ ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ သစ်ပင်စိုက်ပွဲတော်များ ကျင်းပနေခြင်းသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပနေခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများသည် လေထုအပူချိန်ကို ထိန်းညှိပေးနိုင်သည်ဖြစ်သည့်အတွက် ကြီးမားသည့် ရာသီဥတုပြောင်းလဲမှုများ၊ ဆိုးရွားသည့် ရာသီဥတုဖောက်ပြန်မှုများမဖြစ်စေရန် ထိန်းညှိပေးနေသည်ကိုလည်း သိရှိထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေဆင်းဒေသသည် ယခင်က ပူပြင်းသည့် ရာသီဥတုရှိခဲ့ပြီး ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးမှုများကို ရေရှည်ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအခါတွင် ကောင်းမွန်သည့် ရာသီဥတုနှင့် စိမ်းလန်းစိုပြည်မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ကြရန်နှင့် တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ရမည်**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ထင်း၊ မီးသွေးကို လောင်စာအဖြစ် အသုံးပြုနေကြဆဲဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ချက်ပြုတ်ရေးအတွက် အများစုသည် ထင်းကိုအဓိကထား သုံးစွဲနေကြကြောင်း၊ ထို့ကြောင့် သဘာဝသစ်တောများအပေါ် အဓိကမှီခိုအားထားနေကြရသည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ထိုကဲ့သို့ မှီခိုနေရမှုများကို လျှော့ချနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးရွာပိုင်ထင်းစိုက်ခင်းများကို တစ်ရွာလျှင် အနည်းဆုံးနှစ်ဧကစိုက်ပျိုးတည်ထောင်ကြရန် မှာကြားခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အပင်စိုက်သည့်အခါတွင် စိုက်ပျိုးပြီးသည်နှင့် မလုံလောက်ဘဲ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းပျက်စီးလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တောများပြုန်းတီးမှုကို ဖြစ်စေနိုင်သည့် သစ်တောထွက်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သစ်များတရားမဝင်ထုတ်ယူ၍ ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိမှု အားနည်းနေပါက ထင်းအသုံးပြုမှုသည် ရှိနေဦးမည်ဖြစ်သဖြင့် ထင်းအသုံးပြုမှုများကို စနစ်တကျဖြစ်စေရေးနှင့် ထင်းအစားထိုးလောင်စာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ကိုအခြေခံသည့် အဆောက်အအုံများ အများအပြားရှိနေသည့်အတွက် မိမိတို့နိုင်ငံ၏ လူနေမှုစနစ်ကို မြှင့်တင်ပေးရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီပြီး သဟဇာတဖြစ်သည့် အဆောက်အအုံများဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❂

- **မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းပျက်စီးလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည်ကို စိစစ်တွေ့ရှိရ**
- **သစ်ပင်သစ်တောများ ပြုန်းတီးမှုကိုဖြစ်စေနိုင်သည့် သစ်တောထွက်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သစ်များတရားမဝင်ထုတ်ယူ၍ ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်**
- **လျှပ်စစ်မီးရရှိမှုအားနည်းနေပါက ထင်းအသုံးပြုမှုသည် ရှိနေဦးမည်ဖြစ်သဖြင့် ထင်းအသုံးပြုမှုများကို စနစ်တကျဖြစ်စေရေးနှင့် ထင်းအစားထိုးလောင်စာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်**

✪ စာမျက်နှာ ၃ မှ

### စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်

မိမိတို့ဒေသအလိုက် သစ်ပင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် မိမိတို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်လည်း အကျိုးများစွာကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များ စိုပြည်စိမ်းလန်းမည်ဆိုပါက ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသည့် လူ့ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ သစ်ကိုအခြေခံသုံးစွဲသည့် နယ်ပယ်များအားလုံးကို အတတ်နိုင်ဆုံး လျှော့ချရမည်ဖြစ်ပြီး သစ်တောသစ်ပင်သုံးစွဲမှု လျှော့ချခြင်းအားဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး မိမိတို့အားလုံးအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးစဉ်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၂၇၄၉ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၁၅၂ ပင်၊ ပိတောက် ၁၀၇၆ ပင်နှင့် အရိပ်ရလေကာပင် မန်ကျည်းရှား ၁၀၇၆ ပင် စုစုပေါင်း ၄၃၀၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၂၇၄၉ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၆၁၀၇ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၄၃၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၁၂၈ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၀၄၉၇ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၂၇၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၃၀၀ ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၉၆၀၀၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၂၀၉၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၂၄၇၄ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၅၁၂၈ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၃၅၅ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၈၇၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၆၅ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၆၆၆၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၉၀၉ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၆၁၀၇ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

- ○ **သစ်တောသစ်ပင်များ စိုပြည်စိမ်းလန်းမည်ဆိုပါက ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသည့် လူ့ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည်**
- ○ **သစ်ကိုအခြေခံသုံးစွဲသည့် နယ်ပယ်များအားလုံးကို အတတ်နိုင်ဆုံး လျှော့ချရမည်ဖြစ်ပြီး သစ်တောသစ်ပင်သုံးစွဲမှု လျှော့ချခြင်းအားဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူ ဖြစ်စေနိုင်မည်**

# “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကု ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိနေသည့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးလေ့ယာကု ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

“ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ စသည့်စာသားပါဆိုင်းဘုတ်များနှင့် နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ယူရီးယားမြေသြဇာများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အရောင်းဆိုင်များသို့ သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချမည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂**

အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး ဈေးနှုန်းသင့်တင့်သည့် ယူရီးယားမြေသြဇာများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အရောင်းဆိုင်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရုံးအမှတ်(၁၆) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။



**စိုက်ပျိုးရာသီအမီရောက်ရှိစေရေး**

ဦးစွာ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အရည်အသွေးပြည့်မီသည့် ယူရီးယားမြေသြဇာများ တောင်သူများလက်ဝယ် စိုက်ပျိုးရာသီအမီ ရောက်ရှိစေရေးအတွက် ဖြန့်ဖြူးရောင်းချခြင်းကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများ စုစည်းထားသည့် Consortium အဖွဲ့နှင့် မြန်မာဆန်စပါးအသင်းချုပ်တို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ Consortium အဖွဲ့များက ပထမအသုတ်အနေဖြင့် ယူရီးယားမြေသြဇာတန်ချိန် ၆၀၁၈၈ တန် တင်သွင်းနိုင်ရန် ဦးဆောင်ကော်မတီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဖြင့် သွင်းကုန်လိုင်စင်ရရှိရေး၊ နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီတို့နှင့် နိုင်ငံခြားငွေဝယ်ယူခွင့်ရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ မြေသြဇာများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း။

ယူရီးယားမြေသြဇာတစ်အိတ်လျှင် ရန်ကုန်ဂိုဒေါင်ဈေးနှုန်းမှာ ငွေကျပ် ၈၆၀၀၀ ဖြစ်ပြီး ဒေသသယ်ယူစရိတ်အပေါ်မူတည်၍ ငွေကျပ် ၈၇၈၀၀ မှ ၈၉၄၀၀ ထိ ကျသင့်မည်ဖြစ်ကြောင်း၊ လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိမြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ မှ ၉၅၀၀၀ ခန့်ဖြစ်သည့်အတွက် ငွေကျပ် ၁၀၀၀၀ ကျော်ခန့် သက်သာမည်ဖြစ်ကြောင်း၊ ပထမအသုတ်ရောက်ရှိလာသော ယူရီးယားမြေသြဇာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြေသြဇာအရောင်းဆိုင်များသို့ ဇွန် ၃ ရက်မှစတင်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး တောင်သူလက်ဝယ်သို့ ဇွန် ၇ ရက်မှ ၁၅ ရက်အတွင်း စတင်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဇွန် ၆ ရက်တွင် စတင်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး လျာထားစာရင်းများကိုလည်း ပေးပို့ထားပြီးဖြစ်ကြောင်း၊ ယူရီးယားမြေသြဇာလိုအပ်ချက်မှာ ကြီးမြင့်နေသေးသည့်အတွက် လိုအပ်သောမြေသြဇာများကို ထပ်မံတင်သွင်းရေးကို ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့်လည်း မိမိတို့ အမှန်တကယ်ဖြန့်ဖြူးနိုင်မည့် စာရင်းကို ယခုအစည်းအဝေးတွင် တင်ပြပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်သည့် ယူရီးယားမြေသြဇာဈေးနှုန်းသက်သာစွာဖြင့် အချိန်မီဖြန့်ဖြူးရောင်းချနိုင်ရေး လုပ်ငန်းအစီအစဉ်၌ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဒေသအတွင်း မြို့နယ်ဖြန့်ဖြူးရောင်းချရေး ကော်မတီများ ဖွဲ့စည်းပေးခြင်း၊ မြေသြဇာသယ်ယူဖြန့်ဖြူးမည့်ကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မြေသြဇာအဝင်အထွက် လက်ကျန်စာရင်းများ စိစစ်ကြီးကြပ်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ကူညီဆောင်ရွက်ပေးကြရန် ညှိနှိုင်းလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ယူရီးယားမြေသြဇာများ ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီဖြန့်ဖြူးရောင်းချနိုင်ရေးနှင့်စပ်လျဉ်းပြီး သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ကားလမ်းအပြင် ရထားနှင့်သယ်ယူနိုင်စေရန်၊ ရေကြောင်းမှသင်္ဘောဖြင့် သယ်ယူပို့ဆောင်နိုင်စေရန် စီစဉ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အရောင်းဆိုင်များနှင့်ညှိနှိုင်းပြီး သယ်ယူပို့ဆောင်ရေး အဆင်ပြေစေရန် ပူးပေါင်းညှိနှိုင်းစီစဉ်ပေးကြရန်နှင့် အခြားအခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြရန်နှင့် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယူရီးယားမြေသြဇာများ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ မြို့နယ်များရှိ အရောင်းဆိုင်များသို့ သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချမည့် အစီအစဉ်များကိုလည်းကောင်း၊ Consortium အဖွဲ့ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ဖြန့်ဖြူးရောင်းချမည့် အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာကြသော နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့ အထက(၁)၌ ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ကျုံပျော် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အထက(၁) အောင်ဆန်းခန်းမအတွင်း၌ အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို လှည့်လည်ကြည့်ရှုကာ ကလေးငယ်များနှင့် မိဘများအား အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသိပ္ပံစမ်းသပ်ခန်းသို့ သွားရောက်ကြည့်ရှုရာ ကျောင်းအုပ်ဆရာကြီး ဦးလှနိုင်က သိပ္ပံခန်းသုံးပစ္စည်းများကို ရှင်းလင်းပြသသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းတွင်အသုံးပြုရန် စာအုပ်နှင့်စာရေးကိရိယာများ၊ နှာခေါင်းစည်းများ လက်သန့်ဆေးရည်ဘူးများနှင့် အလှူငွေများကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံ၍ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သာယာလှပရေး၊ ကျောင်းဥယျာဉ်ကောင်းမွန်ရေးတို့ကို ပညာရေးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ကျုံပျော်မြို့နယ်တွင် အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးငယ်များအတွက် ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယနေ့မှစတင်၍ အခြေခံပညာကျောင်းပေါင်း ၃၀ ရှိ ကလေးငယ် ၂၆၈၁ ဦးအား စတင်ထိုးနှံလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သဘာဝအခြေပြုဖြေရှင်းနည်းများဖြင့် တစ်ခုတည်းသောကမ္ဘာမြေကို ပူးပေါင်းပါဝင်ထိန်းသိမ်းကြပါစို့

**ဒေါက်တာဝင်းထိန်**
**(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

**✻ သစ်တောဂေဟစနစ်များသည် ကမ္ဘာမြေအတွက် မရှိမဖြစ်သော အဆုတ်နှင့် အလားသဏ္ဌာန်တူပါသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျှော့ချပေးရန်အတွက် ကာဗွန်အမြောက်အမြားကို စုပ်ယူပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းညှိပေးခြင်း၊ မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေကာ ကြည်လင်သောရေကိုရရှိ**

**✻ တစ်ခုတည်းသောကမ္ဘာမြေကို သဘာဝအခြေပြုဖြေရှင်းနည်းများဖြင့် ကာကွယ်ခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ် စီမံခန့်ခွဲခြင်းသည် ယခုလက်ရှိ လူသားများအတွက် အကျိုးပြုရုံသာမက နောင်လာမည့် အနာဂတ်မျိုးဆက်များစွာကိုလည်း အကျိုးပြုနိုင်မည်**

(ယမန်နေ့မှအဆက်)

၂၀၅၀ ပြည့်နှစ်တွင် တိုးတက်လာသော လူဦးရေအတွက် စွမ်းအင်လိုအပ်ချက်မှာ ယခုလက်ရှိထုတ်လုပ်နိုင်မှုထက် ၅၀ ရာခိုင်နှုန်း လိုအပ်လာမည်ဖြစ်ကြောင်း UNEP မှ ၂၀၂၁ ခုနှစ်တွင် ခန့်မှန်းဖော်ပြထားပါသည်။ ရုပ်ကြွင်းလောင်စာအခြေခံ စွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများမှာ လေထုထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တိုးတက်စေပြီး ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကိုပါ အားပေးပါသည်။ အဆိုပါစိန်ခေါ်မှုများကို လျှော့ချနိုင်ရေးအတွက် သဘာဝအခြေပြု ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေစွမ်းအင်၊ ရေအားလျှပ်စစ်စွမ်းအင်၊ နေစွမ်းအင်တို့ကို အစားထိုးထုတ်လုပ်အသုံးပြုလာကြပါသည်။ တရုတ်နိုင်ငံသည် ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကြီးမားစွာ ရင်းနှီးမြှုပ်နှံခဲ့ပြီး China Briefing (၂၀၂၂) တွင် National Energy Administration (NEA) ၏ ဖော်ပြချက်အရ တရုတ်နိုင်ငံ၏ တပ်ဆင်ပြီး ပြန်ပြည့်ဖြိုးမြဲစွမ်းအင်သည် ၂၀၂၁ ခုနှစ်တွင် ၁၀၆၃ Gigawatts (GW) အထိ ရှိခဲ့ပြီး တရုတ်နိုင်ငံ၏ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏ၏ ၄၄ ဒသမ ၈ ရာခိုင်နှုန်းရှိပါသည်။ ဤသို့ဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် စွမ်းအင်ကဏ္ဍတွင် သဘာဝကို အခြေပြုပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော နည်းစနစ်များကိုအသုံးပြုလျက် တစ်ခုတည်းသော ဤကမ္ဘာမြေ ရေရှည်တည်တံ့အောင် ထိန်းသိမ်းလျက်ရှိပါသည်။

သစ်တောကဏ္ဍမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများအတွက် ကမ္ဘာမြေကို ပြန်လည်ထိန်းသိမ်းနိုင်မည့် အထိရောက်ဆုံးသောကဏ္ဍတစ်ခုဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများတွင် အကောင်အထည်ဖော်မှုအများဆုံးသော သဘာဝအခြေပြုဖြေရှင်းနည်းများမှာ မြေအရည်အသွေး ကျဆင်းနေသောနေရာဒေသတွင် သစ်တောဧရိယာအဖြစ် ပြန်လည်တည်ထောင်ခြင်း၊ ခုတ်လှဲပြီးနေရာတွင် သစ်တောပြန်လည်စိုက်ပျိုးခြင်း၊ လူထုအခြေပြုသစ်တောဧရိယာ ဖန်တီးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတို့ ဖြစ်ပါသည်။ ယခုအခါ ဝါးစိုက်ပျိုးရေးကိုလည်း သဘာဝအခြေပြုဖြေရှင်းနည်းများတွင် ပါဝင်လာသည်ကိုလေ့လာတွေ့ရှိရပါသည်။ သစ်တောဂေဟစနစ်များသည် ကမ္ဘာမြေအတွက် မရှိမဖြစ်သော အဆုတ်နှင့် အလားသဏ္ဌာန်တူပါသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျှော့ချပေးရန်အတွက် ကာဗွန်အမြောက်အမြားကို စုပ်ယူပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းညှိပေးခြင်း၊ မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေကာ ကြည်လင်သောရေကို ရရှိစေပါသည်။ သစ်တောဂေဟစနစ်များသည် သဘာဝနည်းအားဖြင့် ကာဗွန်စုပ်ယူနိုင်မှုမှာ သာလွန်ကောင်းမွန်သည့်အတွက် လေထုအတွင်းရှိ ကာဗွန်များကို လျှော့ချပေးခြင်းဖြင့် ကမ္ဘာမြေကို ပြန်လည်သန့်ရှင်းစေမည်မှာ သေချာပါသည်။

## ညစ်ညမ်းမှုထိန်းချုပ်ကာကွယ်ရေးအတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ

ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများသည် လေထုညစ်ညမ်းမှု၊ မြို့ပြအပူဒဏ်ပြင်းထန်မှု၊ ရေထုညစ်ညမ်းမှုနှင့် ရေလျှံမှုများစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာများထဲတွင် လေထုညစ်ညမ်းမှုနှင့် မြို့ပြအပူဒဏ်ကြောင့် အရွယ်မတိုင်မီသေဆုံးမှုနှင့် ကျန်းမာရေးပြဿနာကို မြင့်မားစေပါသည်။ UNEP ၏ ၂၀၂၀ ပြည့်နှစ် ဖော်ပြချက်အရ လေထုညစ်ညမ်းမှုသည် နှစ်စဉ် အရွယ်မတိုင်မီ သေဆုံးမှု ကိုးသန်းခန့် ဖြစ်ပေါ်စေပြီး အခြားပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအန္တရာယ်များကြောင့် နှစ်စဉ် သန်းနှင့်ချီ၍ သေဆုံးရသည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ရောဂါအားလုံး၏ လေးပုံတစ်ပုံခန့်သည် ရာသီဥတုပြောင်းလဲမှု၊ လေထုနှင့် ရေထုညစ်ညမ်းမှု၊ အဆိပ်သင့်ဓာတုပစ္စည်းများနှင့် ထိတွေ့မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များမှ ဖြစ်ပေါ်လာကြောင်းလည်း ဖော်ပြထားပါသည်။ လေထုညစ်ညမ်းမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO)က ကျန်းမာရေးအတွက် အကြီးမားဆုံးသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုဟု သတ်မှတ်ထားပါသည်။ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change-UNFCCC) ၏ ၂၀၂၂ ခုနှစ် ဖော်ပြချက်တွင် ကမ္ဘာတစ်ဝန်းရှိ လူ ၁၀ ဦးတွင် ကိုးဦးသည် WHO ၏ လမ်းညွှန်ချက်ထက် ကျော်လွန်သော ညစ်ညမ်းလေထုကို ရှူရှိုက်မိနေကြပါသည်။ လူထုအခြေပြု သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းသည်လည်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လျှော့ချပေးနိုင်ပြီး ညစ်ညမ်းသောလေထုကို သန့်စင်ပေးနိုင်ပါသည်။ မြို့ပြဧရိယာအတွင်း လေထုညစ်ညမ်းမှု၊ အပူချိန်မြင့်မားမှုနှင့် ရေထုညစ်ညမ်းမှုတို့အတွက် မြို့ပြအပန်းဖြေနေရာများဖန်တီးပေးခြင်း၊ လမ်းလယ်ကျွန်းများတွင် အလှသစ်ပင်များစိုက်ပျိုးခြင်း၊ ရေဝပ်မြေနေရာများကို ပြန်လည်ဖော်ထုတ်ပြီး ရေထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခြင်း၊ ရေကန်များတူးဖော်ပြီး မိုးရေစီးဆင်းမှုကို ထိန်းသိမ်းခြင်း၊ မြို့ပြလမ်းများပေါ်တွင် မိုးရေများ စိမ့်ဝင်နိုင်အောင် ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချပြီး ကမ္ဘာမြေကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်နိုင်ပါသည်။

## ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ

ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့အရာအားလုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေပြီး ဇီဝမျိုးစုံမျိုးကွဲများသည် အားလုံး၏ အခြေခံအချက်ဖြစ်ပါသည်။ ဤကမ္ဘာပေါ်တွင် ၎င်းတို့မရှိပါက ကမ္ဘာမြေမှ ဖြည့်စွမ်းပေးနေသည့် ဂေဟစနစ်ဝန်ဆောင်မှုများဖြစ်သည့် စားနပ်ရိက္ခာ၊ သန့်ရှင်းသော ရေနှင့် လေတို့ကို ရရှိနိုင်တော့မည် မဟုတ်ပေ။ ဂေဟစနစ်များ ပျက်စီးယိုယွင်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကျဆင်းခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေပြီး လူတို့အတွက် ကျန်းမာရေး၊ သန့်ရှင်းသောလေ၊ ရေနှင့် အစားအစာများကို ပံ့ပိုးပေးသည့် သဘာဝဖြစ်စဉ်များကို ခြိမ်းခြောက်လျက်ရှိသည်။ ကျန်းမာကောင်းမွန်သောဂေဟစနစ်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများမှ လူသားများကို ကာကွယ်ပေးနိုင်ပြီး သဘာဝအခြေခံဖြေရှင်းနည်းများသည် ပါရီသဘောတူညီချက်တွင်ပါရှိသော ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလိုအပ်ချက်များ၏ ၃၇ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်ကြောင်း IUCN ၏ Post-2020 Global Biodiversity Framework အတွက် Key Indicator ဆိုင်ရာ ဆွေးနွေးညှိနှိုင်းချက်တွင် ဖော်ပြထားပါသည်။ သဘာဝအခြေပြု ဖြေရှင်းနည်းများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းနိုင်ရန် ဂေဟစနစ်များကို ပြန်လည်ထိန်းသိမ်းခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်းကို တားမြစ်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကို ဖော်ဆောင်ခြင်း၊ မြို့ပြဧရိယာအတွင်းရှိ လူထုအပန်းဖြေစရာနေရာများကို ဖန်တီးခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို သတ်မှတ်ပြီး ဂေဟစနစ်များကို ထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

## ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တွင် သဘာဝအခြေပြုဖြေရှင်းနည်းများ၏ အခန်းကဏ္ဍ

IUCN ၏ Post-2020 Global Biodiversity Framework နှင့်စပ်လျဉ်းသော ဆွေးနွေးချက်တွင် သုံးပုံနှစ်ပုံသော နိုင်ငံများသည် ပါရီသဘောတူညီချက်ပါ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ၎င်းတို့၏ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များတွင် သဘာဝအခြေပြုဖြေရှင်းနည်းများကို ထည့်သွင်းထားပြီးဖြစ်သည်။ ပါရီသဘောတူညီချက် ကတိကဝတ်များအရ နိုင်ငံအများစုသည် ၎င်းတို့၏ အမျိုးသား ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (National Determined Contributions-NDCs) တွင် သဘာဝအခြေပြုဖြေရှင်းနည်းများကို ပေါင်းစပ်ရေးဆွဲလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ Global Sustainability အဖွဲ့အစည်းမှ Seddon et al., (2020) ၏ သုတေသနလေ့လာမှုတစ်ခု၌ နိုင်ငံပေါင်း ၁၀၄ နိုင်ငံ၏ NDCs ၌ သဘာဝနှင့် လိုက်လျောညီထွေမှုရှိသော အစိတ်အပိုင်းများတွင် သဘာဝအခြေပြုဖြေရှင်းနည်းများကဲ့သို့သော ထိန်းသိမ်းရေးလုပ်ဆောင်မှုများ ပါဝင်လာကြောင်း၊ ၇၇ နိုင်ငံမှာ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေဖြစ်ရေး နှစ်ခုစလုံးကိုလည်းကောင်း၊ ကျန်ရှိ၂၇ နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေး တစ်ခုတည်းကိုသာလည်းကောင်း ထည့်သွင်းရေးဆွဲထားကြောင်း ဖော်ပြထားပါသည်။ ရာသီဥတုပြောင်းလဲမှု၏ အကြောင်းတရားများနှင့် အကျိုးဆက်များကို ဖြေရှင်းလျှော့ချရန်အတွက် သဘာဝဂေဟစနစ်ကို ထောက်ပံ့ပေးသော ဆောင်ရွက်ချက်များနှင့် လုပ်ဆောင်မည့် ရည်ရွယ်ချက်များကို နိုင်ငံများ၏ NDCs တွင် အလေးထားဖော်ပြလာကြပါသည်။

## မြန်မာနိုင်ငံတွင် သဘာဝအခြေပြုဖြေရှင်းနည်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု

မြန်မာနိုင်ငံတွင် သဘာဝအခြေပြုဖြေရှင်းနည်းများကို တွင်ကျယ်စွာအသုံးပြု၍ အကောင်အထည်ဖော်မှုလုပ်ငန်းများစွာ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြို့ပြဧရိယာ သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ လမ်းလယ်ကျွန်းများကို ပန်းအလှပင်များဖြင့် အလှဆင်ခြင်း၊ မြို့ပြနေပြည်သူများအတွက် အပန်းဖြေစရာ ပန်းဥယျာဉ်၊ ရေပန်းဥယျာဉ် စသည်တို့ကို ဖန်တီးပေးခြင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့်စပ်လျဉ်း၍ အော်ဂင်းနစ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သစ်တောသီးနှံ ရောနှောစိုက်ခင်း စသည်တို့ကို ဖော်ဆောင်ပေးခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ရေဝေရေလဲဒေသများရှိ သစ်တောဧရိယာကို ပြန်လည်ထိန်းသိမ်းခြင်း၊ မြစ်ကြောင်းကမ်းပါးများ ထိန်းသိမ်းခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ လျှော့ချနိုင်ရေးအတွက် ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ဒီရေတောများကို ပြန်လည်စိုက်ပျိုးခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်း စသည်တို့ကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ပြီး ကမ္ဘာမြေ ပြန်လည်ရှင်သန်လာရေးအတွက် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာန၏ ဖော်ပြချက်အရ မြန်မာနိုင်ငံဆိုင်ရာ သစ်တောမူဝါဒတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများကို မြန်မာနိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဖွဲ့စည်းတည်ထောင်ပြီးသော သဘာဝထိန်းသိမ်းနယ်မြေ ၄၅ ခုအနက် အာဆီယံဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် **စာမျက်နှာ ၇ သို့** ○

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ဗုဒ္ဓဓမ္မသင်တန်းများ စတင်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဗုဒ္ဓဓမ္မသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ စွယ်တော်မြတ်စေတီတော်အနီးရှိအဆိုပါတက္ကသိုလ် သင်တန်းခန်းမအသီးသီး၌ COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဇွန် ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



သင်တန်းသို့ ဒီပလိုမာ၊ ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းအသီးသီးမှ ပြည်တွင်း/ပြည်ပ သင်တန်းသား သင်တန်းသူ ၂၀၈ ပါး/ဦး စတင်တက်ရောက်သင်ကြားလျက်ရှိပြီး ခေတ္တပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများက ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ သမထ၊ ဝိပဿနာ၊ ဓမ္မာနုလောမ ဘာသာရပ်များအပြင် Practical meditation ကိုပါ စတင်ပို့ချသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် ပြည်ပနိုင်ငံအသီးသီးမှ သင်တန်းသားများ ပြည်ပလေကြောင်းခရီးစဉ်များဖြင့် ထပ်မံရောက်ရှိရန် ကျန်ရှိနေသေးကြောင်းနှင့် သင်တန်းသားသစ် ကြိုဆိုပွဲအခမ်းအနား၊ ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများကို COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)သို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးရမည်ဖြစ်သည့် အတွက် အမှန်တကယ် ကျွမ်းကျင်တတ်မြောက်ပြီး Knowledge၊ Skill၊ Attitudeတို့နှင့် ပြည့်စုံသော လူသားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ ICT နည်းပညာကို အကျိုးရှိစွာအသုံးချပြီး အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများ ဖြစ်စေရန်လိုအပ်ပါကြောင်း၊ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ သင်ကြားသင်ယူနိုင်မှု ဝန်းကျင်ကောင်းများ စီစဉ်ထားရှိပေးနိုင်ရန် လိုအပ်ပါကြောင်းပြောကြားပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများတွင် ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူ ဆောင်ရွက်နေမှုများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကာ ကျောင်းသား ကျောင်းသူများ၏ အားကစားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ငူ)နှင့် နည်းပညာတက္ကသိုလ်(တောင်ငူ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည်ကို ကြည့်ရှုအားပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်၊ ကျောင်းများရှိစာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တို့အမွေ တို့မြေကြီး

❖ ကိုမုတ်သုံ လေချူညင်းတော့
ရွှေမိုးမင်း မနေသာ
မြူးရွှင်လို့လာ၊
တခြိမ့်ခြိမ့် မြည်ဟည်းကာ
လျှပ်စီးဖြာ ဝင်းခနဲ။
တိမ်မည်းညို ပတ်လည်ဝိုင်း
အုံ့ဆိုင်းလို့ပဲ။
❖ ခါတော်မီ မုတ်သုံနှိုးလို့
ရွှေမိုးမင်း ရွာပြီလေ
စိမ်းစိုလို့နေ၊
တို့ဘဝ တို့ယာမြေ
ဖြာဝေဖို့ မျော်တွေး။
သီးနှံစုံ အထွက်တိုးအောင်
စိုက်ပျိုးစို့လေး။
❖ စိုက်ပျိုးမြေ အောင်ရေရတဲ့
မိုးဦးကျ တို့တောရွာ၊
တက်သုတ်နှင် မရပ်မနား
အားထုတ်ကြတာ၊
နွားတစ်ရှဉ်းရယ်နဲ့
အားတင်းလို့ ကြောင်းဆွဲရာ
ကြောင်းထဲမှာ မျိုးစေ့ချ။
လက်ဆညီ လက်ချကောင်းလေတော့
ကြောင်းထဲမှာကျ။
❖ လက်ကျညီ အပင်ပေါက်တွေက
ထင်သလောက် အားရစရာ
ထွားသန်လိုက်တာ၊
မြေတောင်မြှောက် ပေါင်းသင်ကာ
မြေဩဇာ မှန်မှန်ကျွေး။
တို့အမွေ တို့မြေကြီးရယ်က
ရွှေသီးတယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာအထက်တန်းကျောင်းများအား ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဇွန် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၁)၊အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းများသို့ ဇွန် ၂ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

အမှတ်(၁)၊အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းများတွင် အသက်(၈)နှစ်မှ အသက်(၁၂)နှစ်အထိ ကိုဗစ်ရောဂါ ကာကွယ်ဆေး Sinopharm ထိုးပေးနေမှု၊ သွေးပေါင်ချိန်တိုင်းတာပေးနေမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး Grade(11)၊ Grade(10)၊Grade(9) တို့တွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မိမိရည်မှန်းချက်အတိုင်း ပညာကိုသာ ကြိုးစားသင်ကြားရန်၊ ပညာသင်ကြားနေသည့်အချိန် လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိရန်၊ ကျောင်းပြင်ပကိုမထွက်ဘဲ အိမ်နှင့်ကျောင်းကိုသာ သွားကြရန်၊ ကျောင်းဝင်းထဲ၌သာ ပညာသင်ကြားရန်နှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးပြီးသော်လည်း နှာခေါင်းစည်းများကို တပ်ဆင်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုများနှင့် ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့သည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်၍ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ သင်ယူနေမှုများနှင့် အသက်ငါးနှစ်မှ (၁၂)နှစ်အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဆေးရုံမှ ဆရာဝန်များနှင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးအဖွဲ့မှ ဆရာဝန်များနှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကာကွယ်ဆေးမထိုးမီ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရယူခြင်း၊ ကျောင်းသားကျောင်းသူများကို ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ရောဂါအခံ ရှိမရှိ မေးမြန်းခြင်းနှင့် ကာကွယ်ဆေး ထိုးပြီးပါက ကျန်းမာရေးအတွက် ကာကွယ်နေထိုင်ရမည့်အစီအစဉ်များကို ပြောကြားဆောင်ရွက်ပေးကြပြီး ကာကွယ်ဆေး ထိုးနှံပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့်သက်ဆိုင်ရာတာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ သင်ယူနေမှုများနှင့် အသက်ငါးနှစ်မှ(၁၂)နှစ်အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ ကျောင်းအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများကို နှာခေါင်းစည်းများ ဖြန့်ဝေပေးကာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့် နေထိုင်ကြပြီး ကျောင်းစာများကို အလေးထားကြိုးစားသင်ယူကြကာ ယဉ်ကျေးလိမ္မာသော ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းမှာကြားပြီး အသက် ငါးနှစ်နှင့် (၁၂) နှစ် အတွင်းရှိ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၅၇ ကျောင်း၊ စုစုပေါင်း ၈၄၂ ကျောင်း ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၀၂၀၀ ကျောင်းအပ်နှံပြီး ပညာသင်ကြားလျက်ရှိကြောင်း၊ အသက်(၅)နှစ်နှင့်(၁၂)နှစ် အတွင်းရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀၉၆၈၂ ဦးကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ - ၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၅၇ ကျောင်း စုစုပေါင်း ၈၄၂ ကျောင်းတို့ ပြန်လည်ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၈၅၂၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၄၀၃၂၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



ထို့ပြင် ကျောင်းတက်ရောက်ကြသည့် အသက်ငါးနှစ်မှ (၁၂)နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကျောင်းသားကျောင်းသူများ နှာခေါင်းစည်းများနှင့် မျက်နှာအကာများ စနစ်တကျတပ်ဆင်စေပြီး ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျလက်ဆေးစေခြင်းတို့ကို ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသူ / ကျောင်းသားများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျစီမံထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေး ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူ့လူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်(လင်းခေး) ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**လင်းခေး ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်(လင်းခေး)မှ ကြီးမှူး၍ မိုးရာသီအကြိုစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇နာရီခွဲက လင်းခေးမြို့ ပုန်းထွန်ကျေးရွာအုပ်စုရှိ တပ်နယ်စိုက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပွဲတော်မကျင်းပမီ တပ်နယ်မှူးဗိုလ်မှူးကြီးသန့်ထင်စိုးက တပ်နယ်တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များကိုယ်စား အမှတ်(၃၆၁) အမြောက်တပ်ရင်းမှူး ဗိုလ်မှူးတင်မောင်လင်းနှင့်လင်းခေး ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူးဦးနေဝင်းထံ ပျိုးပင်များ ပေးအပ်ခဲ့ပြီး တပ်နယ်မှူး၊ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများက စုပေါင်းသစ်ပင် စိုက်ပျိုးခဲ့ကြသည်။ ဆက်လက်၍ တပ်နယ်မှူးနှင့် တာဝန်ရှိသူတို့က စုပေါင်းစိုက်ပျိုးနေမှုအခြေအနေအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့စိုက်ပျိုးခဲ့ကြသောပျိုးပင်များမှာ စက်မှုကုန်ကြမ်းဝါးအပင် ၂၀၀၊ ရတနာတန်းဝင်ကျွန်းအပင် ၂၅၀၊ နှစ်ရှည်စားသရက်ပင် ၁၀၀၊ ပိန္နဲ ၁၀၀၊ မန်ကျည်း ၁၀၀ ၊ ဒန့်သလွန်ပင် ၅၀၊ အရိပ်ရလေကာပင်များဖြစ်သော မဲဇလီအပင် ၂၅၀၊ မန်ဂျန်ရှား ၅၀၊ စိန်ပန်း ၁၀၀ နှင့် ကုက္ကိုပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၁၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

## ရှင်းလင်းပြောပြသွားမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် နံပါတ် (၁)အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နံပါတ် (၂)အနေဖြင့် မိုးရာသီအတွင်း ဖြစ်ပေါ်လာမည့် ဆိုင်ကလုန်းမုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နံပါတ် (၃)အနေဖြင့် အထွေထွေ အကြောင်းအရာများဖြစ်သည့် မျောက်ကျောက်ရောဂါကိစ္စ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဆိုင်ရာ ကိစ္စရပ်များဖြစ်ပါကြောင်း၊ နံပါတ် (၁)မှ (၃)အထိ မိမိအနေဖြင့် ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း။

ထို့နောက် မေး၊ ဖြေကဏ္ဍတွင် မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း။

ပထမဦးဆုံးအနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြောကြားသည့်အခါ အတိတ်သမိုင်းကြောင်းများနှင့် ဒီမိုကရေစီအစိုးရစတင်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ၁၀ နှစ်တာကာလတွင် ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဖြစ်ပျက်မှုများ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များသည် တစ်သမတ်တည်း မရှိကြောင်း၊ နိုင်ငံတိုင်း၏ ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုကိစ္စများတွင်လည်း အနိမ့်အမြင့် အတက်အကျရှိကြောင်း၊ ပြည်တွင်း/ပြည်ပ အကျိုးသက်ရောက်မှု ပေါင်းစုံရှိကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် လိုအပ်ချက်များရှိခဲ့ကြသည်ကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် ယင်းအကြောင်းအရာများကို သိရှိပြီးဖြစ်သော်လည်း ပြည်သူလူထုသိရှိစေရန် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပြည်တွင်းပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော် ကြာခဲ့ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း သဘောထားအမြင်ကွဲလွဲမှု၊ အယူအဆနှင့် ရပ်တည်ချက်ကွဲပြားမှု စသည့် အကြောင်းကိစ္စအမျိုးမျိုးတို့ကြောင့် လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့သည့်အချိန်များသည်လည်း ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း။

ယင်းအကျိုးဆက်ကြောင့် တိုင်းပြည်ငြိမ်းချမ်းမှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ခေတ်အဆက်ဆက်အစိုးရနှင့် တပ်မတော်က တိုင်းရင်းသားပြည်သူလူထုနှင့်အတူ လက်တွဲ၍ ငြိမ်းချမ်းရေးရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သမိုင်းမှတ်တမ်းအထောက်အထားများအရ တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

## တည်ငြိမ်မှုရှိခဲ့

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ၃ လအကြာ ပြည်တွင်းဆူပူသောင်းကျန်းမှု စတင်ခဲ့ပြီးနောက် ၈ ပတ်အကြာမှစ၍ သခင်ကိုယ်တော်မှိုင်းဦးစီးသည့် ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု စတင်ပေါ်ပေါက်လာခဲ့ကြောင်း၊ အလားတူ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးစတင်ခဲ့ပါကြောင်း၊ ထိုစဉ်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များတွင် ချို့ဖောက်သည့်ဖြစ်ရပ်များသည် အလွန်နည်းပါးပြီး တည်ငြိမ်မှုရှိခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီအစိုးရ စတင်ပေါ်ပေါက်လာခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို လမ်းညွှန်ချပြခဲ့ပြီးနောက် ပြည်သူများအတွက် ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ရန် အစပြုလာခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး **"အချုပ်အခြာအာဏာကို ထိပါးသည့်ကိစ္စနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်မယ့်ကိစ္စများကလွဲရင် အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးနိုင်ရန် တံခါးဖွင့်ထားကြောင်း"** တရားဝင်ဖိတ်ခေါ် ကမ်းလှမ်းခဲ့ပါကြောင်း၊ ထိုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီတွင် **"တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းရေးစီမံချက်"**ကို ရေးဆွဲခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC– United Nationalities Federal Council)ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိကျင်းပသည့် လိုင်ဇာညီလာခံတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT–Nationwide Ceasefire Coordination Team)ကို ဖွဲ့စည်းပြီး NCA ရေးဆွဲရေး သဘောတူခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့၌ NCCT ၏ လိုင်ဇာသဘောတူစာချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC–Union Peace – Making Working Committee)၏ NCA မူကြမ်းကို ဖလှယ်ပေးအပ်ခဲ့ကြပါကြောင်း။

၂၀၁၄ ခုနှစ် မေ ၈ ရက်တွင် NCCT နှင့်UPWC တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပြီး ဧပြီ ၈ ရက်တွင် MPC ၌ အစည်းအဝေးပြုလုပ်ကာ နှစ်ဖက်တင်ပြလာခဲ့သည့် NCA မူကြမ်းများကို အခန်း(၇)ခန်းပါသည့် တစ်ခုတည်းသော NCA မူကြမ်း(Single Text)အဖြစ် ပေါင်းစည်း ရေးသားနိုင်ခဲ့ပါကြောင်း၊ အစိုးရမှစတင် ကမ်းလှမ်းခဲ့သည့် နှစ်နှစ်တာကာလအတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ အရေအတွက်အားဖြင့် ၁၄ ဖွဲ့ရှိသည်ကို မီဒီယာများနှင့် မိဘပြည်သူများ သိရှိမှတ်သားထားစေလိုကြောင်း၊ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် **"ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး"** အတွက် ကတိကဝတ်ပြုကြိုတင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများအပါအဝင် အစိုးရ၊ တပ်မတော်၊ EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထိုအထဲတွင် တချို့သော EAOs အဖွဲ့များ ကျန်ရှိခဲ့ပါကြောင်း၊ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကတိပြုချက်ပါ အချက်အလက်များကို လက်ခံခဲ့သော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအတွင်း ပြန်လည်ဆွေးနွေးအတည်ပြုပြီးမှသာ ဆက်လက်ပါဝင် လက်မှတ်ရေးထိုးသွားကြမည်ဟု ပြောဆိုခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက် NCCT–UPWC ၏ (၇)ကြိမ်မြောက် အစည်းအဝေးတွင် NCA အတည်ပြုမူကြမ်းရခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်မှ ၉ ရက်အထိ ကျင်းပသည့် လော်ခီးလာ ထိပ်သီးညီလာခံတွင် NCA အချောသပ်နိုင်ရန် စတင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်တွင် NCA ကို အချောသပ်ရေးဆွဲနိုင်ခဲ့ပါကြောင်း။

## လက်မှတ်ရေးထိုးနိုင်ခဲ့

အဆိုပါ NCA စာချုပ်တွင် အခန်း(၇)ခန်းနှင့် အပိုဒ်(၃၃)ပိုဒ်ပါဝင်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရနှင့် EAOs ရှစ်ဖွဲ့တို့ NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ၁၄ ဖွဲ့ သဘောတူခဲ့သော်လည်း အမှန်တကယ် လက်မှတ်ရေးထိုးသည့်အချိန်တွင် အဖွဲ့ ၈ ဖွဲ့သာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ကြားကာလတွင် လိုင်ဇာညီလာခံ၊ လော်ခီးလာညီလာခံ၊ တွေ့ဆုံဆွေးနွေးမှု မျိုးစုံလုပ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး အရှိန်မြင့်တက်နေသည့် ကာလဖြစ်ကြောင်း၊ ၁၄ ဖွဲ့သဘောတူပြီး ၈ ဖွဲ့သာ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ပတ်သက်ပြီး မည်သို့ဖြစ်ရသည်ကို တက်ရောက်လာကြသည့် မီဒီယာများနှင့် မိဘပြည်သူများ ပြန်လည်မှတ်မိကြမည် ဖြစ်ကြောင်း။

ထိုစဉ်က ထင်ရှားသည့်နိုင်ငံရေးပါတီတစ်ခု၏ဥက္ကဋ္ဌတစ်ဦး၊ ထိုစဉ်က လွှတ်တော်တွင်လည်း ကော်မတီတစ်ခုတွင် ပါဝင်နေဆဲဖြစ်သည့် လွှတ်တော်အမတ်တစ်ဦးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးခါနီးတွင် NCA ကို အလျင်စလို လက်မှတ်မရေးထိုးကြရန် ပြောခဲ့ကြောင်း၊ နိုင်ငံတကာမီဒီယာများတွင်လည်း ဝေဝေဆာဆာဖော်ပြခဲ့ကြောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အမှားတစ်ခုကြောင့် အရှိန်ရနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ် ရုတ်တရက်နိမ့်ကျသွားပါကြောင်း၊ ယင်းကို မိမိတို့သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ ယင်းမှာ ပထမအကြိမ်အနိမ့်အမြင့်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် NCA လက်မှတ်ရေးထိုးခြင်းကို ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ခဲ့ပါကြောင်း။

## ၁၀ ဖွဲ့အထိရှိလာ

ပထမဆုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC)ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်ကို နောင်ဆက်လက်တာဝန်ယူရမည့် အစိုးရများမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အခြေခံမူများ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်ပါတီအစည်းအရုံး(LDU)တို့ ထပ်မံလက်မှတ်ရေးထိုးကာ NCAတွင်ပါဝင်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်က အကျိုးဆက်သည် ၂၀၁၈ ခုနှစ်အထိ သက်ရောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင်လည်း ငြိမ်းချမ်းရေးအတွက် အသည်းအသန်ကြိုးစားခဲ့ကြကြောင်း၊ သို့သော် နှစ်ဖွဲ့သာ ထပ်မံလက်မှတ်ထိုးနိုင်ခဲ့ကြောင်း၊ NCA စာချုပ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟု အမည်ခေါ်တွင်သော်လည်း ယင်းထက်များစွာကျယ်ပြန့်သည့်၊ အဓိပ္ပာယ်ရှိသည့် စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာသဘောတူညီမှုများ၊ နိုင်ငံရေးဆိုင်ရာအာမခံချက်များနှင့် နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာရေးကိစ္စရပ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်ဖြင့် ကျယ်ပြန့်စွာ ပါဝင်သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ သို့ ❍

❍ စာမျက်နှာ ၁၀ မှ

အစိုးရဒုတိယသက်တမ်းကာလတွင် NCA စာချုပ်အပိုဒ် ၂၀(ဂ) အရ အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် လေးကြိမ်တိုင် ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပသည့် ဒုတိယအကြိမ်အစည်းအဝေးတွင် သဘောတူညီချက်(၃၇)ချက်ကို ရရှိခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် သဘောတူချုပ်ဆိုနိုင်ခဲ့ကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် သတ္တမအကြိမ် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သတိပြုရန် ပြောလိုသည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံအမည်ဖြင့် စတင်ကျင်းပခဲ့သည်မှာ (၄)ကြိမ်ကျင်းပခဲ့ကြောင်း၊ ပထမအကြိမ်တွင် မည်သည့် သဘောတူညီချက်မျှ မရခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် မရခဲ့သည်ကို ယခုရှိနေသည့်မီဒီယာအများစုက ထိုပွဲများကို တက်ရောက်ခဲ့ဖူးသည့်အတွက် သိရှိနိုင်မည်ဖြစ်ကြောင်း၊ လေ့လာနေသည့် ပြည်သူလူထုကလည်း သိရှိကြောင်း၊ လုပ်မှားကိုင်မှား၊ မူဝါဒအမှားများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နဂိုမူလရှိခဲ့သည်ထက်ပို၍ နိမ့်ကျသွားသည်ကိုတွေ့ရကြောင်း။

## အတည်ပြုနိုင်ခဲ့

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး၌ **စုစုပေါင်း သဘောတူညီချက်(၁၄)ချက်**ကို ရရှိခဲ့ပြီး ဩဂုတ် ၇ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမအကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ကြောင်း။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကတစ်ဆင့်ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများသို့တင်ပြလာသည့် အဆိုပြုချက်များတွင် နိုင်ငံရေးကဏ္ဍပါ **“ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲမထွက်ရဆိုင်ရာ ကိစ္စရပ်များ”** နှင့် လုံခြုံရေးကဏ္ဍပါ **“တစ်ခုတည်းသော တပ်မတော်ထားရှိရေးဆိုင်ရာကိစ္စရပ်များ”** သည် ထိုအချိန်က ဆက်လက်ဆွေးနွေးဆဲ အကြောင်းအရာများဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အစိုးရနှင့် NCA–S EAO အဖွဲ့များ၏ သီးသန့်အစည်းအဝေး (၁၀+၁၀)တွင် ခွဲမထွက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အရေးကြီးသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အချိန်ဇယားနှင့် ဦးစားပေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ရန်အတွက် မူအားဖြင့်ချမှတ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့နောက် ခေါင်းဆောင်များသီးသန့်ဆွေးနွေးရန် ထိပ်သီးအစည်းအဝေးများ ပြုလုပ်ခဲ့ပါကြောင်း၊ ထိုအစည်းအဝေး




တွင် ဖြေရှင်းရမည့်အကြောင်းအရာ နှစ်ရပ်ကို ပြေလည်စေရန်အတွက် ဖြေရှင်းချက်များ ထွက်ပေါ်လာချိန်တွင် NCA–S EAO များအနက် အင်အားကြီးအဖွဲ့နှစ်ဖွဲ့တို့က ကြေညာချက်များထုတ်ပြန်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်အဟုန်ကို လျှော့ချခဲ့ပြီးနောက် တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများ ယာယီအားဖြင့် ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ၁၀နှစ်တာကာလအတွင်း ငြိမ်းချမ်းရေး ကြိုးပမ်းမှုခရီးစဉ်တွင် အကျကာလဖြစ်စဉ် သုံးခုရှိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် လက်မှတ်ရေးထိုးခါနီးတွင် ပုဂ္ဂလိကအမှားကြောင့် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ပထမအကြိမ် ညီလာခံတွင် မူဝါဒနှင့် လုပ်ငန်းစဉ်အမှားများကြောင့် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့သဖြင့် တစ်ကြိမ် ဖြစ်ကြောင်း၊ ထိုအရာများသည် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနီးစပ်ဆုံး သင်ခန်းစာယူရမည့်ကိစ္စများ ဖြစ်ကြောင်း။

## ပြန်လည်စတင်နိုင်ခဲ့

ယင်းနောက် အစိုးရမှ ညှိနှိုင်းရေး ကိုယ်စားလှယ်များသည် တရားဝင် ဆွေးနွေးပွဲလမ်းကြောင်းသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံမှုလမ်းကြောင်းမှတစ်ဆင့် အဖြေရှာနိုင်ရန် NCA–S EAO များနှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် (၁၁)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ယင်းနောက် KNU က စတင်အဆိုပြုသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အစိုးရနှင့် NCA–S EAO အဖွဲ့များအကြား စတင်ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း၊ အဆိုပါ အကြောင်းအရာများကို နောင်လာမည့် အစည်းအဝေးတွင် တင်သွင်းဆွေးနွေးရန် လျာထားခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် တရားဝင် နိုင်ငံရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ခဲ့ပါကြောင်း။

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)တွင် ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်ရမည့် အဆင့်လိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းသွားရန် သဘောတူညီခဲ့ကြပါကြောင်း၊ ယင်းနောက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့နှင့် NCA–S EAO အစုအဖွဲ့တို့မှ နှစ်ဖက်အလုပ်အဖွဲ့များ ဖွဲ့စည်းပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဆင့်လိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းမှုပေါင်း (၁၁)ကြိမ်၊ ရက်ပေါင်း ၂၄ ရက် ပြုလုပ်၍ သဘောထားများ၊ အယူအဆများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း။

## ချုပ်ဆိုခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပါကြောင်း၊ ယင်း၌ အပိုင်း(၁) NCA အကောင်အထည်ဖော် ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် ၁၅ ချက်၊ အပိုင်း(၂) ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုဇယား(၁) နှင့် အပိုင်း(၃) ဒီမိုကရေစီစနစ်နှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်မှု အခြေခံမူသဘောတူညီချက် (၅)ချက်တို့ဖြင့် အပိုင်းသုံးပိုင်း ပါသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို ချုပ်ဆိုခဲ့ပါကြောင်း၊ ယင်းကို ဩဂုတ် ၂၆ ရက် ပြည်ထောင်စုလွှတ်တော်၏ (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးတွင် အတည်ပြုခဲ့ပါကြောင်း၊ ယင်းသို့ ညှိနှိုင်းရရှိခဲ့သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမည့်အချက်များကို ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဇယား (၁)အဖြစ် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် တင်သွင်းခဲ့ကြောင်း၊ ယင်းမှာ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)ဖြစ်ကြောင်း၊ ယင်းညီလာခံတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကိုချုပ်ဆိုရာတွင် အစိတ်အပိုင်း (၃)၏ အပိုင်း(၂) အဖြစ် **“၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုဇယား(၁)”** ကို သဘောတူနိုင်ခဲ့ပါကြောင်း၊ ယင်းမှာ ပိုပြီးအရေးကြီးသည့် ဇယားဖြစ်ကြောင်း ၊ ထိုဇယားကို ဘုတ်တွင် ကပ်ထားပါကြောင်း၊ မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မည်သို့သွားမည်ဆိုသည်ကို တွေ့နိုင်ပါကြောင်း။

## တစ်ပြိုင်တည်းဆွေးနွေးခဲ့

အစိုးရနှင့် NCA – S EAOတို့၏ နှစ်ဖက်အလုပ်အဖွဲ့များအကြား ဇယား(၁) ကို ဆွေးနွေးညှိနှိုင်းစဉ်ကပင် ဇယား(၂ )ကိုလည်း တစ်ပြိုင်တည်းဆွေးနွေးခဲ့ကြပါကြောင်း၊ ဇယား(၁)ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အချက် (၈)ချက်၏ တစ်ချက်ချင်းစီအောက်တွင် အသေးစိတ်ထပ်မံဆွေးနွေးရမည့် အကြောင်းအရာ ခေါင်းစဉ်များကို နှစ်ဖက်အဆိုပြုခဲ့ကြပါကြောင်း၊ ဇယား(၂)တွင် အကြောင်းအရာ ခေါင်းစဉ်များ ထည့်သွင်းသဘောတူနိုင်ရေးအတွက် ဆက်လက်ဆွေးနွေးညှိနှိုင်းရန် အချိန်လိုအပ်နေကြောင်း၊ နှစ်ဖက်အလုပ်အဖွဲ့များက လက်ခံခဲ့ကြသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်တွင် ကျင်းပသည့် (၉)ကြိမ်မြောက် JICM အစည်းအဝေးတွင် **“၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား–၂)”** ကို နောင်တွင် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန် သဘောတူခဲ့ကြပါကြောင်း။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီး အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ခေါင်းဆောင်များအပါအဝင် အဖွဲ့ဝင် ၂ဦးစီကို ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များအား ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## သဘောတူညီချက်(၇)ချက်ရရှိ

၂၀၂၂ ခုနှစ် မေ ၂၁ ရက်မှ ၂၉ ရက်အထိ RCSS ၊ NMSP၊ KNU/KNLA(PC) တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁/၂/၃) ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက် ဆွေးနွေးရန်ကျန်ရှိသည့် ဇယား–၂ ပါ ဆွေးနွေးရန်အချက်များနှင့်လည်းကောင်း သဘောတူညီချက် (၇)ချက်ရရှိခဲ့ကြောင်း၊ ထို့ကြောင့်လည်း သဘောတူညီချက်များနှင့် ပတ်သက်ပြီး သဘောပေါက်ရန်အတွက် အစိတ်အပိုင်း (၃)မှ ဇယား (၂)ကို မီဒီယာများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ကရှိပြီးဖြစ်သော်လည်း ဆက်လက်လေ့လာစေလိုပါကြောင်း၊ သို့မှသာ မီဒီယာများအနေဖြင့် ပြည်သူလူထုကို ရှင်းလင်းစွာ အသိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် UWSP “ဝ” အဖွဲ့နှင့်လည်း ယနေ့ထိ ဆွေးနွေးညှိနှိုင်းနေဆဲ ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့များနှင့်လည်း ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ ဦးဆောင်သည့် ညှိနှိုင်းရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ၎င်းတို့ တင်ပြထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်လိုသည့် အချက် (၉) ချက်ကို အဆိုပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ထားသည့်အပေါ် တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ အုပ်ချုပ်ရေးအရ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့ကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ကျင့်သုံးနေသည့် နိုင်ငံများစွာရှိကြောင်း၊ တစ်နိုင်ငံချင်းတွင် ကျင့်သုံးပုံများ တစ်ထပ်တည်းတူညီမှုမရှိကြောင်း၊ ထို့အတူ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူ တူညီနေမှုမရှိကြောင်း၊ မိမိတို့တိုင်းပြည်၏ သမိုင်းကြောင်း၊ ဓလေ့ထုံးစံများ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ဒေသအခြေအနေများအပေါ် မူတည်ပြီး မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့် ကိုက်ညီသည့် အသင့်လျော်ဆုံးပုံစံကို ချမှတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုပုံစံကိုရရှိနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးတိုင်ပင် အဖြေရှာခြင်းနည်းလမ်းဖြင့် မိမိတို့အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်၌လည်း လက်တွေ့ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်သူအားလုံးကလည်း နိုင်ငံနှင့်လူမျိုးအပေါ် စေတနာထားပြီး လုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၁၉,၀၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၅၅) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့်နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ငါးနှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၀) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၆၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၂၄) ခု | (၅) ဦး |
| **စုစုပေါင်း** | (၆,၃၀၉) ခု | (၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၁၄၆၉၅၅ | ၈၂၃၀၃၀၉၀ | ၁၀၃၂၄၁၀ |
| ၂။ | အိန္ဒိယ | ၄၃၁၆၅၇၃၈ | ၄၂၆၂၀၃၉၄ | ၅၂၄၆၄၁ |
| ၃။ | ဘရာဇီး | ၃၁၀၆၀၀၁၇ | ၃၀၀၃၈၂၀၀ | ၆၆၆၈၄၈ |
| ၄။ | ပြင်သစ် | ၂၉၅၄၅၃၉၇ | ၂၈၉၄၉၁၈၅ | ၁၄၈၃၈၅ |
| ၅။ | ဂျာမနီ | ၂၆၄၂၂၁၃၅ | ၂၅၄၅၉၀၀၀ | ၁၃၉၄၉၀ |
| ၆။ | ဗြိတိန် | ၂၂၃၀၅၈၉၃ | ၂၁၉၄၅၂၂၄ | ၁၇၈၇၄၉ |
| ၇။ | ရုရှား | ၁၈၃၃၉၇၇၆ | ၁၇၇၄၉၉၆၀ | ၃၇၉၂၈၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၂၉၃၁၃ | ၁၇၇၅၇၈၆၄ | ၂၄၂၁၂ |
| ၉။ | အီတလီ | ၁၇၄၄၀၂၃၂ | ၁၆၆၀၄၅၆၇ | ၁၆၆၇၅၆ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၀၄၂၆ | ၉၄၇၁၈၄၀ | ၄၃၀၇၉ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၅၆၄၅ | ၅၈၉၅၉၄၀ | ၁၅၆၆၀၀ |
| ၃။ | မလေးရှား | ၄၅၀၈၃၁၉ | ၄၄၄၉၅၉၃ | ၃၅၆၇၈ |
| ၄။ | ထိုင်း | ၄၄၅၇၅၈၀ | ၄၃၉၁၃၀၇ | ၃၀၀၈၄ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၀၈၈၉ | ၃၆၂၈၁၀၀ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၃၀၆၈၇၁ | ၁၂၂၆၄၇၃ | ၁၃၈၉ |
| ၇။ | မြန်မာ | ၆၁၃၃၅၅ | ၅၉၂၃၁၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၀၄၅ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၉၃၃၇ | ၁၄၇၂၈၄ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၄ | ၃၀၅၆ |

## ဖျာပုံမြို့နယ်၌ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

ဖျာပုံ ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုနှင့် အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု အစီအစဉ်များကို ယနေ့ နံနက်တွင် သတ်မှတ်စုရပ်ကျောင်းအလိုက် ဆောင်ရွက်လျက်ရှိရာ အဆိုပါစုရပ်နေရာများသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇင်မာစိုးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက သတ်မှတ်ဆေးထိုးစုရပ်အလိုက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖျာပုံခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းများ၏ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံထားမှုအနေဖြင့် ဖျာပုံမြို့နယ်တွင် ၄၆၀၂၄ ဦး၊ ကျိုက်လတ်မြို့နယ်တွင် ၃၁၆၉၉ ဦး၊ ဒေးဒရဲမြို့နယ်တွင် ၂၉၄၂၅ ဦးနှင့် ဘိုကလေးမြို့နယ်တွင် ၄၆၆၅၀ စုစုပေါင်းကျောင်းအပ်နှံထားပြီးသူ ၁၅၃၇၉၈ ဦးရှိကြောင်း ဖျာပုံခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

၂၀၇



# အမေရိကန်ပြည်ထဲရေးဝန်ကြီး ဒက်ဗ်ဟာလန် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်ပြည်ထဲရေးဝန်ကြီး ဒက်ဗ်ဟာလန် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဒက်ဗ်ဟာလန်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထပ်ဆောင်းထိုးနှံမှု ခံယူထားသည့်အတွက် ရောဂါကူးစက်ခံထားရသော်လည်း နေထိုင်ကောင်းလျက်ရှိကြောင်း ၎င်း၏တွစ်တာ စာမျက်နှာတွင် ဖော်ပြထားသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်နှင့် ကာကွယ်ဆေးထိုးနှံမှုခံယူထားခြင်းသည် ရောဂါခုခံနိုင်စွမ်းကို ပိုမိုမြင့်တက်စေကြောင်း ၎င်းက အမေရိကန်ပြည်သူများအား တိုက်တွန်းပြောကြားထားသည်။

အသက် ၆၁ နှစ်အရွယ် ဟာလန်သည် အမေရိကန်ပြည်ထဲရေးဝန်ကြီးအဖြစ် ၂၀၂၁ ခုနှစ်မှစပြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၄ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း တစ်သန်းကျော်ရှိပြီဖြစ်ကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၆ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဇွန် ၂**

အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၄၈၃၃၄ ဦးအထိ မြင့်တက်လာကြောင်း အာဖရိက ရောဂါ ကာကွယ်ထိန်းချုပ်ရေး စင်တာက ယနေ့ပြောကြားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၅၃၇၇ ဦးရှိသည်။ သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၁၀၀၂၃၄၃ ဦးရှိပြီဖြစ်သည်။



တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၃၉၅၇၇၇၇ ဦးဖြင့် ဒေသတွင်း၌ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး မော်ရိုကိုနိုင်ငံ၌ ၁၁၆၈၃၀၃ ဦး တွေ့ရှိကာ ရောဂါ ကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ရောဂါတွေ့ရှိမှု ဒုတိယအများဆုံးဖြစ်သည်။ ဗဟို အာဖရိကဒေသသည် ရောဂါ ကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၈၉၈ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၂**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၉၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁၂၉၃၁၃ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့သဖြင့် ရောဂါကူးစက်မှုများ ကျဆင်းခဲ့သည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၈၉၇ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိရပြီး အဆိုပါ ရောဂါကြောင့်သေဆုံးသူ ၂၄၁၂ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ အရေအတွက်သည် လူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံပြီးစီးသူ ၆၄ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ ကန်ဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘာသာပြန်ကိရိယာများအသုံးပြုမည်

**ကန်ဇိုင်း ဇွန် ၂**

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ကန်ဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘာ့အရပ်ရပ်မှ ခရီးသည်များ ပြောဆိုဆက်သွယ်မှု အဆင်ပြေစေရန်အတွက် ဘာသာစကားများကို အလိုအလျောက်ဘာသာပြန်ဆိုနိုင်သည့် ကိရိယာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အသိဉာဏ်တုနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အဆိုပါကိရိယာသည် အသံဖိုင်ဖြင့် ဘာသာစကားပေါင်း ၇၀ ကို ဘာသာပြန်ဆိုနိုင်ကြောင်းနှင့် ဘာသာပြန်ဆိုချက်အား ယင်းကိရိယာ၏မျက်နှာပြင်တွင် စာတန်းထိုးဖော်ပြကြောင်း သိရသည်။




အဆိုပါဘာသာပြန်ကိရိယာအလုံးရေ ၂၅၀ အား ကန်ဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် နိုင်ငံ၏နယ်စပ်ဒေသများကို ပိတ်ထားခဲ့ရာမှ ဇွန် ၁၀ ရက်တွင် နိုင်ငံတကာမှ ခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

## တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိမြေငလျင်လှုပ်ခတ်

**ချန်ဒူး ဇွန် ၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ယာအန်မြို့၌ ဇွန် ၁ ရက်က ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် လေးဦး သေဆုံးခဲ့ကြောင်း ယာအန်မြို့ မြေငလျင်ဆိုင်ရာအကူအညီပေးရေးဌာနက ယနေ့ပြောကြားသည်။

အဆိုပါ မြေငလျင်လှုပ်ခတ်မှုကြောင့် စီချွမ်ပြည်နယ် ဗိုဇင်းခရိုင်၌ ၃၄ ဦးသေဆုံးပြီး လူရှန်ခရိုင်၌ ၁၁ ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ ယခုမြေငလျင်လှုပ်ခတ်မှုကြောင့် လူရှန်ခရိုင် ယာအန်မြို့ရှိ ဒေသခံ ၁၃၀၈၀ ဦး ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ အရေးပေါ်အခြေအနေတွင်ရှိပြီး ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့သူနှစ်ဦးမှာ ပြန်လည်သက်သာလာကာ ကျန်ဒဏ်ရာရရှိသူများမှာ သာမန်ဒဏ်ရာများသာ ရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်တွင် လူရှန်ခရိုင်ယာအန်မြို့၌ ပြင်းအား ၇အဆင့်ရှိ မြေငလျင် လှုပ်ခဲ့ပြီးနောက် ယခုထပ်မံ၍ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဥရောပဒေသ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၀ အထိ မြင့်တက်လာ

**ဂျီနီဗာ ဇွန် ၂**

ဥရောပဒေသ၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၀ အထိ မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရသူပေါင်း ၃၂၁ ဦးရှိကြောင်း ဥရောပ ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက အတည်ပြုပြောကြားသည်။

အလားတူ ဗြိတိန်နိုင်ငံ၌ အဆိုပါ ရောဂါကူးစက်ခံရသူ ၁၉၆ ဦးရှိပြီး ဆွစ်ဇာလန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့၌လည်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများ စစ်ဆေးတွေ့ရှိရသည်။

မျောက်ကျောက်ရောဂါ ကူးစက်မှုသည် ဥရောပနိုင်ငံများ၌ ဧပြီလအစောပိုင်းတွင် စတင်တွေ့ရှိရကြောင်းနှင့် အဆိုပါရောဂါသည် တစ်ဦးနှင့်တစ်ဦး အနီးကပ်ထိတွေ့မှုကြောင့် ကူးစက်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာဌာနေဒါရိုက်တာ ဒေါက်တာ ဟန်စ်ဟန်ရီပီကလုက ပြောကြားသည်။

လာမည့်လများအတွင်း ဥရောပ နိုင်ငံများ၌ ပွဲတော်များနှင့် ပါတီပွဲများ ကျင်းပလေ့ရှိသည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် အစီအမံများ ဆောင်ရွက်သင့်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

**တိုက်တွန်းပြောကြား**

ရောဂါကူးစက်ခံထားရသူများအား အနီးကပ်စောင့်ကြည့်ရန်၊ ၎င်းတို့နှင့်ထိတွေ့ဆက်ဆံခဲ့သူများအား လိုက်လံရှာဖွေစုံစမ်းရန်နှင့် ရောဂါဆိုင်ရာ အသိပညာပေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် အစိုးရများနှင့် ဆေးဘက်ကျွမ်းကျင်ပညာရှင်များအား ၎င်းက တိုက်တွန်းပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း မျိုးစိတ်ကွဲအသစ်တစ်မျိုး ကူးစက်မှုမြင့်တက်

**လော့စ်အိန်ဂျလိစ် ဇွန် ၂**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၆၀ ရာခိုင်နှုန်းသည် အိုမီခရွန်ဗီဇပြောင်းမျိုးစိတ်ကွဲ အသစ်တစ်မျိုး ကူးစက်ခံထားရကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ BA.2.12.1 မျိုးစိတ်ကွဲအသစ်သည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ထက် ကူးစက်ပျံ့နှံ့မှုပိုမိုမြန်ဆန်သည်။

မတ်လနှောင်းပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၃ ဒသမ ၄ ရာခိုင်နှုန်းသည် အဆိုပါ BA.2.12.1 မျိုးစိတ်ကွဲကူးစက်ခံထားရကြောင်း သိရသည်။ အဆိုပါရောဂါကူးစက်မှုနှုန်းသည် တဖြည်းဖြည်းမြင့်တက်လာပြီး ဧပြီလနှောင်းပိုင်းတွင် ၃၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် မေလနှောင်းပိုင်းတွင် ၅၉ ဒသမ ၁ ရာခိုင်နှုန်းအထိ ရောက်ရှိလာသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ပျမ်းမျှအားဖြင့်တစ်ရက်လျှင် တစ်သိန်းကျော်အထိရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၆၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၈၅ | ၂၃၀၀ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၆၀ | ၂၆၆၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၇၁၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၅ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၅ | ၂၇၁၅ | ၂၆၉၅ |
| HSD (50 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၂၇၃၀ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၂၇၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၃၀ |
| 95 Ron | ၂၁၀၆ | ၂၁၈၂ |
| HSD (500 ppm) | ၂၂၉၉ | ၂၃၇၅ |
| HSD (50 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (10 ppm) | ၂၃၂၇ | ၂၄၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မင်းမင်းထွန်း(၃၂) နှစ် (ဘ)ဦးခင်မောင်ထွန်းသည် ၎င်းအသုံးပြုသည့် "ဟစ်တိုင်" Facebook Group ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



## ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၇၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ်သိန်း ၇၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက် (၁၃၉) လမ်း ၅၂ x ၅၃ လမ်းကြားရှိ ဂိုထောင်ကို သတင်းအရရှာဖွေရာ ဟိန်းဝင်းစိုးနှင့် တာရိစေးတို့နှစ်ဦးကို Hino ၁၂ ဘီးယာဉ်တစ်စီး၊ Nissan Van ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိပြီး Hino ၁၂ ဘီးယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် သိန်း ၇၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၉ ဒသမ ၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၃၆ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

## မနှစ်ကထက် ပိုများလာ

ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းက”ဒီနေ့ ဇွန် ၂ ရက်နေ့မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ကျောင်းတွေ ပြန်ဖွင့်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ကျောင်းတွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးနေပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ အထက (၁) သာကေတ၊ အထက သုဝဏ္ဏ၊ အထက(၁) လသာကျောင်းတွေကို ကြည့်ရှုအားပေးပါတယ်။ ဒီနှစ်ကျောင်းသားတွေ ကျောင်းတက်တာ မနှစ်ကထက် ပိုများလာတာတွေ့ရပါတယ်။ ဆရာ ဆရာမတွေကလည်း ကျောင်းသားဦးရေများလာတဲ့အတွက် ဝမ်းသာကြောင်း ပြောပါတယ်။ ဒီနှစ်ကျောင်းသားတွေကို ၅ နှစ်ကနေ ၁၂ နှစ်၊ ၁၂ နှစ်ကနေ ၁၅ နှစ်၊ ၁၅ နှစ်ကနေ ၁၈ နှစ်အထိ ကျန်းမာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ကိုဗစ်ကာကွယ်ဆေး ထိုးပေးသွားမှာပါ။ ဆေးထိုးတဲ့အခါမှာ မိဘအုပ်ထိန်းသူ သဘောတူညီချက်ရယူပြီးတော့ မိဘသဘောတူတဲ့ ကျောင်းသားကျောင်းသူတွေကို ဆေးထိုးပေးမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျောင်းတွေရဲ့ သင်ကြား၊ သင်ယူမှုစနစ်တွေ၊ စာသင်ခန်းတွေကို အဓိကကြည့်ပါတယ်။ စာသင်ခန်းနဲ့ ကျောင်းသားဦးရေ မျှတမှု ရှိ၊ မရှိ၊ ဆရာအင်အား ပြည့်စုံမှု ရှိ၊ မရှိ၊ ကျောင်းသုံးဖတ်စာအုပ် လုံလောက်မှု ရှိ၊ မရှိ ဒါတွေကို အဓိကထားပြီး ကြည့်ရှုပါတယ်။ ဒီနေ့အထိ ကျောင်းအပ်လက်ခံတာတွေ ရှိပါတယ်။ ကျောင်းလာရောက်အပ်နှံမှုမရှိသေးတဲ့ မိဘတွေအနေနဲ့ ကျောင်းလာအပ်ဖို့ဖိတ်ခေါ်ပါတယ်” ဟု ဆိုသည်။

သူငယ်တန်း (KG)အပါအဝင် Grade-12 အထိ စုစုပေါင်း အတန်း ၁၂ တန်းကို သင်ကြားရမည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 တို့အတွက် ဘာသာရပ်အလိုက် သင်ရိုးသစ်များကို ဆရာ ဆရာမများအတွက် ပညာရေးဝန်ကြီးဌာနက သင်တန်းများပို့ချပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဒေါ်စုစုခင်က “မြို့နယ်တွေအနေနဲ့ ဆရာ ဆရာမ လိုအပ်ချက်ရှိပါတယ်။ အဲဒီလိုအပ်ချက်ကို ကျွန်မတို့ ပြင်ပကခေါ်ယူဖြည့်တင်းထားတဲ့ ဆရာ ဆရာမတွေလည်း မကြာခင်မှာ အော်ဒါထွက်မှာဖြစ်ပါတယ်။ ဒါ့အပြင် အထက်တန်းပြ လိုအပ်ချက်အတွက် ဌာနတွင်းမှာရှိနေတဲ့ ဆရာ ဆရာမတွေကို BEd သင်တန်း တစ်နှစ်ကိုနှစ်ကြိမ် တက်ရောက်ဖို့ စီမံထားပါတယ်။ လစ်လပ်နေတဲ့နေရာတွေမှာ အပြောင်းအရွှေ့၊ ရာထူးတိုးတွေကိုလည်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရှိနေတဲ့ ဆရာ ဆရာမ အင်အားနဲ့ ဆောင်ရွက်တဲ့အခါမှာ ကျောင်းသားအင်အားများလာရင်တော့ ပုံမှန်တစ်ချိန်တက်နေရာကနေ နှစ်ချိန်ကျောင်း ပြောင်းမလား၊ ကလေးတွေ သင်ကြားသင်ယူမှု အဆင်ပြေစေနိုင်မယ့် နည်းလမ်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဌာနဆိုင်ရာတွေ ပူးပေါင်းစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ဆိုသည်။

### သုံးချိုးနှစ်ချိုး တက်ရောက်

အထက(၁) လသာ ကျောင်းအုပ်ကြီးကလည်း “အထက(၁) လသာမှာ မနေ့ကအထိ ကျောင်းအပ်ထားတဲ့ ကျောင်းသား ကျောင်းသူ ၈၃၀ ရှိပြီး ဒီနေ့ကျောင်းတက်တာ ၇၉၆ ယောက်ရှိပါတယ်။ ကျောင်းမတက်သေးတာ အနည်းအကျဉ်းပဲရှိပါတယ်။ မနှစ်ကထက်စာရင် ကျောင်းသားဦးရေ သုံးချိုးနှစ်ချိုး တက်ရောက်ပြီဖြစ်ပါတယ်။ နောက်ပြီး ကျောင်းသားဟောင်းတွေဖြစ်တဲ့အတွက် လာအပ်ကြမယ်လို့မျှော်လင့်ပါတယ်။ မနှစ်ကမတက်တဲ့ ကျောင်းသားတွေကိုလည်း ဒီနှစ်လာအပ်တဲ့အခါ မတက်ဖြစ်တဲ့ ကျောင်းသားအချင်းချင်း ပြန်ထားပေးပါတယ်။


ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း


အထက (၁) လသာ ကျောင်းအုပ်ဆရာကြီး


အထက (၁) လသာမှ ကျောင်းသားတစ်ဦး


အထက (၂) လသာမှ ဆရာမတစ်ဦး

အဲဒီလို စီစဉ်ထားပေးပါတယ်။ လေးထပ်ကျောင်းဆောင်ကြီးရယ်၊ စာကြည့်တိုက်ရယ်ကို ကျောင်းသားဟောင်းကြီးတွေက ဦးဆောင်ဆောက်လုပ်ပေးထားတာပါ။ စာကြည့်တိုက်က နိုင်ငံတကာအဆင့်မီ e-Library ဖြစ်ပါတယ်။ နောက်ပြီး ကျောင်းသားဟောင်းကြီးတွေက တစ်လတစ်ခါ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပေးပါတယ်။ ပညာရေးက လူတစ်ဦး၊ နိုင်ငံတစ်ခုသာမကဘဲနဲ့ ကမ္ဘာ့အပြောင်းအလဲနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအခန်းကဏ္ဍက ပါဝင်နေတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအတွက် ကျောင်းသားတွေကို ကျောင်းပုံမှန်တက်ပြီး ပညာတတ်ဖြစ်ဖို့ ပညာသင်ကြားဖို့ ဆရာကြီးတို့က ကျောင်းတက်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခုလက်ရှိ လသာမြို့နယ်မှာ ကျောင်းသားကျောင်းသူ ၂၀၀၀ ကျော်အပ်ထားပြီး ဖြစ်ပါတယ်။ မကြာခင်အတွင်းမှာ ကျောင်းသား ကျောင်းသူတွေကို ၅ နှစ်ကနေ ၁၂ နှစ်၊ ၁၂ နှစ်ကနေ ၁၅ နှစ်၊ ၁၅ နှစ်ကနေ ၁၈ နှစ် သုံးပိုင်းခွဲပြီး ကိုဗစ်ကာကွယ်ဆေး ထိုးပေးတော့မှာ ဖြစ်ပါတယ်။ အဲဒီလို ဆေးထိုးပေးတဲ့အခါ မိဘဆန္ဒရှိမှထိုးပေးမှာပါ။ ဆေးမထိုးလည်း ကျောင်းတက်လို့ရပါတယ်” ဟု ပြောသည်။

ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် သက်ဆိုင်ရာကျောင်းများအလိုက် စာသင်ခန်းများနှင့် ကျောင်းဝန်းကျင်သန့်ရှင်းရေးကိုလည်း အလေးထားဆောင်ရွက်ထားရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ရေးအနေဖြင့် နှာခေါင်းစည်း၊ မျက်နှာအကာများ ပေးဝေထားပြီး သတိပေးစာ၊ ကြေညာချက်၊ ဗီနိုင်းများ ချိတ်ထားခြင်း၊ စာသင်ချိန်အတွင်း လိုက်နာရမည့်အချက်များ ချိတ်ဆွဲထားခြင်း၊ လက်ဆေးဘေစင်များနှင့် အမှိုက်ပုံးများ စနစ်တကျ ထားရှိပေးထားခြင်းတို့ကို ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

သဃ်္ဃန်းကျွန်းမြို့နယ် ပညာရေးမှူး ဦးသိန်းထွန်းက “အခု ကိုဗစ်စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ကလေးတွေပညာသင်ကြားနိုင်ဖို့အတွက် စာသင်ခန်းမှာ ခုံစီတာကအစ ငါးပေ၊ ခြောက်ပေခြားပြီးစီပါတယ်။ ကိုဗစ်က လျော့သွားတာမှန်တယ်၊ ပျောက်သွားတာမဟုတ်တော့ ခုကိုဗစ်စည်းကမ်းနဲ့အညီ ပြင်ဆင်ဆောင်ရွက်ထားတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး မတော်တဆများ ကလေးတွေ နေထိုင်မကောင်းဖြစ်တယ်ဆိုရင် သီးသန့်အခန်း၊ ဆေးပေးခန်းလိုမျိုး ကျောင်းဝင်းမှာ ပြင်ဆင်ထားတယ်။ ကလေးက အကယ်၍များ သတ်မှတ်အပူချိန်ထက် များနေမယ်ဆိုရင် ကလေးကိုခေါ်မယ်၊ ဆေးတိုက်မယ်၊ လိုအပ်ရင်ကျန်းမာရေးဌာနနဲ့ ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မယ်။ ခုက ကလေးတွေအတွက် ပညာရေးရော၊ ကျန်းမာရေးရော၊ လုံခြုံရေးရော အစစအရာရာ ဂရုစိုက်ဆောင်ရွက်ရပါတယ်” ဟု ဆိုသည်။

### ကြည်နူးဝမ်းသာမိ

အထက(၁)လသာ ကျောင်းသားတစ်ဦးက “နွေရာသီကျောင်းပိတ်ထားပြီး အခုကျောင်းပြန်ဖွင့်တော့ စာသင်ရတာ၊ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတာ ပျော်ရွှင်မိပါတယ်။ အဲဒီလိုအပျော်က ကျွန်တော့်အတွက် ဘာနဲ့မှ နှိုင်းဆလို့မရပါဘူး။ Grade-9 မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံအပြင် ပန်းချီ၊ ဂီတ၊ စိုက်ပျိုးရေးတွေ တွဲဖက်သင်ရပါတယ်။ ဒီနေ့ကျောင်းစဖွင့်တဲ့ရက်မှာ ကျောင်းသားအားလုံး ပျော်ရွှင်စွာ ကျောင်းတက်နေတာ တွေ့ရတဲ့အတွက် အတိုင်းမသိကြည်နူးဝမ်းသာမိပါတယ်။ ဆရာ ဆရာမတွေရဲ့ သွန်သင်ဆုံးမမှုတွေနဲ့အတူ ကျောင်းသားကျောင်းသူတွေက ဆက်လက်ပညာကြိုးစားသင့်ပါတယ်လို့ ပြောကြားချင်ပါတယ်။ သားရဲ့အနာဂတ်ရည်မှန်းချက်ကတော့ မြန်မာလူမျိုးဖြစ်တဲ့အတွက် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ မြန်မာဗိသုကာပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့် ကျောင်းလာမတက်သေးတဲ့သူငယ်ချင်းတွေကိုလည်း ကျောင်းလာတက်စေချင်ပါတယ်။ ကျောင်းမတက်ရင် ပညာသင်ခွင့်၊ အခွင့်အရေးတွေ ဆုံးရှုံးမှာဖြစ်ပြီး မိမိရဲ့ဘဝတက်လမ်းတွေ၊ ပျော်ရွှင်မှုတွေလည်း ဆုံးရှုံးမှာပါ။ ဒါကြောင့် သူငယ်ချင်းတွေ ကျောင်းလာတက်ကြဖို့ ပြောချင်ပါတယ်” ဟု ဆိုသည်။

အထက(၂) လသာမှ ဆရာမတစ်ဦးက ယခုပညာသင်နှစ်တွင် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားဦးရေ ပိုများလာသည်ကို တွေ့ရသည့်အတွက် ဝမ်းသာကြောင်း၊ ယနေ့အထိ ကျောင်းအပ်လက်ခံနေကြောင်း၊ လာအပ်သူများလည်းရှိကြောင်း ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၄၄ မြို့နယ်အတွင်း၌ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း လေးကျောင်းအပါအဝင် အခြေခံပညာကျောင်း ၂၇၅၉ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၂၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၂၁၉ ကျောင်း စုစုပေါင်း ၃၂၀၇ ကျောင်းရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ၃၇ မြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ထားရှိပြီး မူလတန်းအဆင့် ၁၃၃ ကျောင်း၊ မူလွန်အဆင့် ၈၈ ကျောင်း၊ အလယ်တန်းအဆင့် ကိုးကျောင်းရှိပြီး ယနေ့တွင် စတင်ဖွင့်လှစ် သင်ကြားနေကြောင်း သိရသည်။

သတင်း - ချိုကြီး
ဓာတ်ပုံ - ကိုကိုဇော်


လသာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။


လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားမည့် ကျောင်းသူလေးများကို တွေ့ရစဉ်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်


မောင်တောမြို့
ခရိုင်(ပြန်/ဆက်)

နေပြည်တော် ဇွန် ၂

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့မှစတင်၍ ဖွင့်လှစ်ရာ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ဖော်ပြလိုက်ရပါသည်။


မိုးညှင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မြဝတီမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မော်ဘီမြို့နယ်
ဉာဏ်ဟိန်း


အင်းစိန်မြို့နယ်
မြင့်ဦး


ထန်းတပင်မြို့နယ်
ဇင်မင်းထိုက်(ထန်းတပင်)


အေလာမြို့
အေလာသား


ညောင်လေးပင်မြို့နယ်
နေလင်း(ညောင်လေးပင်)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဇွန် ၂

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့မှစတင်၍ ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားနေမှုများကို ဖော်ပြလိုက်ရပါသည်။


ကော့ကရိတ်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ရမည်းသင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)


အုတ်တွင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်
သက်မင်းဟန်(ဒဂုံတောင်)


မိုင်းဖြတ်မြို့နယ်
ရှောလမွန်(မိုင်းဖြတ်)


သာစည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကယားပြည်နယ်
ပြည်နယ်(ပြန်/ဆက်)


ပွင့်ဖြူမြို့နယ်
လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


ကျွန်းစုမြို့နယ်
စည်သူရအောင်(ကျွန်းစု)

## တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ ၂၄၈၂ ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇-၆-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မန္တလေးမြို့၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**မန္တလေး ဇွန် ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းတက်ကြသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများ တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ တပ်ဆင်ထားခြင်းမရှိပါက အသင့်ထားရှိသည့် နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ ကျောင်းအတွင်းရှိ လက်ဆေးဘေစင်များတွင် စနစ်တကျလက်ဆေးစေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတက်ရန်လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

### ပိုမိုတိုးတက်အပ်နှံထား

အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က "ဒီနေ့ဆို အခြေခံပညာကျောင်းတွေ စတင်ဖွင့်လှစ်ပြီး သင်ကြားရေးလုပ်ငန်းတွေကို ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ကျောင်းအပ်နှံရေးနေ့အဖြစ် သတ်မှတ်ထားတဲ့ မေ ၂၆ ရက် ကနေ ဇွန် ၁ ရက်အထိ ကျောင်းသား ကျောင်းသူပေါင်း ၅၈၀၀၀၀ ကျော် လက်ခံထားပြီး ဖြစ်ပါတယ်။ ယခင်နှစ်က ကျောင်းသား ကျောင်းသူအင်အား ၅၂၀၀၀၀ ကျော်ရှိတဲ့ အနေအထားနဲ့ဆို ဒီနှစ်မှာ ကျောင်းသား ကျောင်းသူ ၆၀၀၀၀ ကျော် ပိုမိုတိုးတက်အပ်နှံထားတယ်ဆိုတာ တွေ့ရှိရပါတယ်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူတွေအတွက် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်တွေနဲ့အညီ အခြေခံပညာကျောင်းတွေကိုပြင်ဆင်ထားပါတယ်။ နောက်ပြီး လုံခြုံရေးပိုင်းမှာဆိုလည်း ကျောင်းတွေမှာသက်ဆိုင်ရာ ကျောင်းသား ကျောင်းသူတွေ စနစ်တကျဝင်ထွက်နိုင်ဖို့ မသက်ဆိုင်သူတွေ ဝင်ရောက်ခြင်းကို စောင့်ကြည့်ကာကွယ်နိုင်ဖို့ တာဝန်ချထားပါတယ်။ ကျောင်းပြင်ပမှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ပဲ လုံခြုံရေးတာဝန်ရှိသူတွေ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ မိဘဆရာအသင်းတွေ ပေါင်းစပ်ပြီး ကျောင်းပတ်ဝန်းကျင်လုံခြုံရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

### လက်ခံသွားမှာဖြစ်

ကျောင်းအပ်လက်ခံတဲ့ရက်ကိုလည်း နောက်ဆုံးရက်ဆိုပြီး သတ်မှတ်ထားတာမရှိပါဘူး။ ဒီနေ့ ကျောင်းတက်ရတဲ့ရက်မှာလည်း ကျောင်းလာအပ်တဲ့သူတွေကို စနစ်တကျ လက်ခံသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကာလမှာ ကိုဗစ်-၁၉ ကြောင့် ကျောင်းပိတ်ထားရတဲ့ အခြေအနေတွေရှိပါတယ်။ ဒါကြောင့် ကျောင်းနေရမယ့်ကလေးတွေ စာသင်ခန်းနဲ့ ကင်းဝေးသွားတဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာသင်ယူခွင့် အခွင့်အလမ်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေ ထိခိုက်ပါတယ်။ အခုပညာသင်နှစ်မှာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ဖို့ နိုင်ငံတော်ကလည်း အခမဲ့ပညာရေးစနစ် သတ်မှတ်ထားသလို ကျောင်းဝတ်စုံတွေပါ ထောက်ပံ့ဖို့ အစီအစဉ်ရှိပါတယ်။ မိဘတွေအနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းတွေဆီရောက်အောင် ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

ထို့ပြင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးကလည်း "ကျွန်တော့်ကျောင်းမှာ ကျောင်းတက်ရောက်မှုအနေနဲ့ မနှစ်ကထက် ကျောင်းသားအင်အားများပါတယ်။ လက်ရှိလည်း ကျောင်းအပ်နှံနေဆဲဖြစ်ပါတယ်။ လက်ရှိမှာ ကျောင်းသား ကျောင်းသူ ဦးရေ ၃၀၀၀ နီးပါး ရှိနေပါပြီ။ ဇွန်လအတွင်းမှာလည်း ကျောင်းအပ်နှံမှုကို ဆက်လက် လက်ခံပေးနေမှာ ဖြစ်ပါတယ်။ သင်ကြားရေးကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ထူးခြားမှုအနေနဲ့ သင်ရိုးသစ် သုံးခုရှိပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သင်ရိုးသစ်တွေက နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ စနစ်တကျရေးဆွဲထားတာဖြစ်ပါတယ်။ သင်ရိုးတွေနဲ့ အသားကျသွားပြီဆိုရင် ကျွန်တော်တို့ရဲ့ ပညာရေးကဘာမှ အပြစ်ပြောစရာမရှိတော့ပါဘူး။ ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက်လည်း ဒီနေ့မှာပဲ KG တန်းတွေကို စတင်ဆေးထိုးဖို့ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကလေးငယ်တွေဟာ စာသင်ကြားဖို့ လိုတယ်။ သူတို့ရဲ့ အသက်အရွယ်ကို ဘယ်သူကမှ ဟန့်တားထားလို့ မရဘူး။ သင်ကြားသင်ယူခွင့်ရှိတဲ့နေရာမှာ သင်ကြားသင်ယူမှုကို လုပ်ကိုလုပ်ရမယ်။ ဒါကြောင့် အားလုံးကို ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

မန္တလေးမြို့ရှိသက်ဆိုင်ရာကျောင်းအသီးသီး၌ စာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ပျော်ရွှင်စရာကောင်းသည့် သင်ကြား၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များက ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေးများဆောင်ရွက်ထားခြင်း၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ထားခြင်းနှင့် ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ စာသင်ခုံများနေရာချထားခြင်းတို့ကိုလည်း ဆောင်ရွက်ထားသည်ကို တွေ့မြင်ရသည်။

### ကျောင်းလာအပ်ဖို့လို

ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးအေးမင်းက "မိဘတွေက သားသမီးတွေရဲ့ပညာရေးကို အလေးအနက်ထားသလို နိုင်ငံအတွက်လည်း ပညာရေးက အဓိကကျတယ်။ ဒီကလေးတွေဟာ အနာဂတ်မှာ နိုင်ငံကို ဦးဆောင်ကြမှာဖြစ်တဲ့အတွက် နိုင်ငံနဲ့ လူမျိုးအတွက် ကျောင်းလာအပ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်လိုပဲ တခြားမိဘတွေဟာ မိမိတို့ သားသမီးတွေကို ကျောင်းလာအပ်နှံကြတာတွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ပညာရေးကို အလေးအနက်ထား ကျောင်းအပ်နှံပြီး ကျောင်းတက်ကြဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်" ဟု ပြောသည်။

ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့် ကျောင်းများ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာကျောင်း ၄၂၆၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၃၅ ကျောင်းနှင့် ပုဂ္ဂလိကကျောင်း ၂၄၁ ကျောင်းရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

## ပေါက်ခေါင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး

**ပေါက်ခေါင်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလွန်နှင့် မူလတန်းကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အရွယ် စာသင်ကျောင်းအခြေပြု ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ စာသင်ကျောင်းဆေးထိုးစုရပ်များ အလိုက် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသည့် စည်းကမ်းချက်များနှင့် မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိမှသာ ထိုးနှံပေးခြင်းဖြစ်ပြီး ယင်းဆေးထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**



# နေပြည်တော်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာ(မူလတန်း၊ အလယ်တန်း၊ အထက်တန်း) များကို စတင်ဖွင့်လှစ်ခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းများစတင်ဖွင့်လှစ်ရာတွင် ကိုဗစ် - ၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တာဝန်ကျဆရာ ဆရာမများက ကျောင်းဝင်ပေါက်ရှေ့၌ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် မျက်နှာအကာများ စနစ်တကျတပ်ဆင်ကြရန် တိုက်တွန်းနှိုးဆော်ခြင်း၊ ကျောင်းအတွင်းသို့ မဝင်ရောက်မီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ ကျောင်းအတွင်းထားရှိပေးထားသော လက်ဆေးဘေစင်များတွင် စနစ်တကျလက်ဆေးစေခြင်းတို့ ဆောင်ရွက်ပြီးမှသာ သက်ဆိုင်ရာအတန်းများသို့ သွားရောက်စေသည်ကို တွေ့မြင်ရသည်။

အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူက "အရင်နှစ်တွေတုန်းကတော့ ကျောင်းတက်တဲ့ ကျောင်းသား ကျောင်းသူဦးရေက ၁၀၀၀ ဝန်းကျင်ပဲရှိပါတယ်။ အစဉ်အဆက်ကတော့ လူဦးရေ ၁၀၀၀ မကျော်ခဲ့ပါဘူး။ အခုနှစ် ဆိုရင် ကျောင်းသား ကျောင်းသူဦးရေ ၁၂၀၀ ဝန်းကျင်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ နောက်ထပ်လည်း ကျောင်းအပ်ဖို့ရှိမယ်လို့ ထင်ပါတယ်။ ကျောင်းဖွင့်နေတဲ့အချိန်အတွင်းမှာကို ကျောင်းအပ်လက်ခံနေပါတယ်။ ဒီနှစ်လည်း လက်ခံလို့မရတော့ဘူးဆိုတဲ့ ကန့်သတ်ချက်တစ်ခုခု ထွက်မလာမချင်းတော့ ကျွန်မက ကျောင်းအပ်လက်ခံနေမှာပါ။ ကျောင်းအပ်သူ ထပ်တိုးရှိခဲ့မယ်ဆိုရင်လည်း ကျွန်မတို့ ကျောင်းအနေနဲ့ စာသင်ခန်းအခြေအနေ လုံလောက်မှုရှိပါတယ်။

"အခုလို ကျောင်းအပ်လက်ခံနိုင်ဖို့ မေ ၁၅ ရက်ကတည်းက ကျောင်းသန့်ရှင်းရေး၊ ကျောင်းခန်းပြင်ဆင်မှုများ လုပ်ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက်လည်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ခြင်း၊ လက်ဆေးဘေစင်ထားရှိခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျန်းမာရေး စောင့်ရှောက်တဲ့အခန်းလည်း ရှိပါတယ်။ ကျောင်းနှစ်နှစ်ဆက်တိုက် မအပ်ရသေးတဲ့ကလေးတွေဆိုရင် အတန်းနှစ်နှစ် နစ်နာသွားပါပြီ။ ဒါကြောင့် ကျောင်းအပ်စေချင်ပါတယ်။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကျောင်းအပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟုပြောသည်။



ကျောင်းအုပ်ဆရာမကြီး
ဒေါ်ယမင်းသူ



ကျောင်းအုပ်ဆရာမကြီး
ဒေါ်ခင်မြင့်ရီ

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံလက်ခံခဲ့ရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အခမဲ့ထောက်ပံ့ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျောင်းဝတ်စုံများကိုလည်း ပညာသင်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက "ကျွန်မတို့ကျောင်းမှာ အထက်တန်းအဆင့် ကျောင်းတက်ဦးရေက ၉၁ ရာခိုင်နှုန်း ကျောင်းတက်ပါတယ်။ အလယ်တန်းအဆင့် ကျောင်းတက်ဦးရေ ၉၀ ရာခိုင်နှုန်း နဲ့ မူလတန်းအဆင့် ကျောင်းတက်ဦးရေ ၉၅ ရာခိုင်နှုန်း ကျောင်းတက်ကြပါတယ်။ ဒီနေ့အထိ ကျောင်းအပ်ထားတဲ့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂၃၁ ဦး ရှိပါတယ်။ ဒီနေ့ ကျောင်းတက်ဦးရေ ၁၁၄၂ ဦးကျောင်းတက်တဲ့အတွက် ၉၃ ရာခိုင်နှုန်း ကျောင်းတက်ကြပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့် ရရှိဖို့အတွက် ရပ်ရွာမိဘတွေနဲ့ ပူးပေါင်းပြီး ကျောင်းသားအားလုံး ကျောင်းရောက်ရှိအောင် ကျွန်မတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

"အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့တဲ့ ကလေးတွေ၊ ကျောင်းကို ရောက်မလာကြသေးတဲ့ကလေးတွေ၊ ကျောင်းနေအရွယ်ကလေးတွေအားလုံး ကျောင်းကို ရောက်ရှိအောင်တိုက်တွန်းဖို့ ရပ်ကွက်ကိုလည်း နှိုးဆော်ခိုင်းထားပါတယ်။ ကျွန်မတို့က ကျောင်းဖွင့်နေတဲ့အချိန်တွေမှာလည်း ကျောင်းအပ်လက်ခံနေပါတယ်။ အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်နေတဲ့အတွက် အခမဲ့ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို ကလေးတွေလက်ထဲကို အကုန်ဝေပေးပြီး ဒီနေ့စတင် ပညာသင်ကြားနေပါပြီ။ ဒီနေ့မှာ ကလေးတွေက စိတ်အေးချမ်းသာစွာနဲ့ ကျောင်းတက်ရောက်ပြီး ပညာသင်ကြားနေကြပြီ ဖြစ်ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ စတင်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များ စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းလာရောက်ချိန်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်း ကားလမ်းမကြီးများနှင့် နီးစပ်ရာကျောင်းများတွင် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေသည့်အပြင် လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြား၊ သင်ယူခွင့်ရရှိနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အခြေခံပညာ ကျောင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၅၇ ကျောင်း စုစုပေါင်း ၈၄၂ ကျောင်းရှိပြီး ယနေ့တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူပေါင်း ၁၅၈၅၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း - အောင်သန့်**
**ဓာတ်ပုံ - ကိုကိုထိန်**



အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇွန် ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ် ကိုကိုမောင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၂၉၀ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များ၌လည်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

နန်းကိန္နရီ၏ရင်ထဲမှာ ကျေချမ်းနိုင်ခြင်းမရှိသလိုဖြစ်နေသည်။ တစ်စုံတစ်ခုအတွက် စနိုးစနောင့်ဖြစ်နေသည်။ စင်စစ် ဤသည်မှာ မျိုးထွန်းသိန်းအပေါ် အလိုမကျနိုင်ခြင်းနှင့် ပတ်သက်သည်။ သူ၏ဘဝအကြောင်းကို စပ်စုမိခြင်းမှာ မှား၍များနေလေပြီလား။ သိမထားဘဲနေခြင်းက ပို၍များကောင်းလေမည်လား စသည်ဖြင့် တွေးနေမိသည်။

အမှန်တွင် မျိုးထွန်းသိန်းနှင့်ပတ်သက်၍ ဖြစ်စေချင်သည်မှာ မိမိကဲ့သို့ပင် အချစ်ရေးနှင့်စပ်လျဉ်း၍ အပြစ်အနာကင်းသူ၊ အသည်းနှလုံးသည် စက္ကူဖြူတစ်ချပ်နှယ် ဖြူစင်သန့်ရှင်းနေသူ။ ဖြစ်နေသည်က ထင်မှတ်သလိုမဟုတ်သည့်အတွက် မကျေနပ်နိုင်အောင် ရှိရသည်။

"အရီ ပြန်တော့မယ်"

သည်စကားကို ဆိုမိပြန်သည်။

"နေစမ်းပါဦး။ စကားမှမဆုံးသေးတဲ့ ဥစ္စာ"

မျိုးထွန်းသိန်းက တားသည်။

"ဘာပြောမလို့လဲ၊ ပြောစရာကုန်ပြီမဟုတ်လား"

"ကျန်သေးတယ်။ အခုပြောမယ့်စကားဟာ တခြားစကားတွေထက်ထူးတယ်။ ဒီစကားကိုကြားရရင် မနန်းကိန္နရီ စိတ်ဝင်စားမှာပါ"

"တယ်လဲချီလိုက်ပါလား။ ဆိုစမ်းပါဦး"

သူ့ထံမှ အသံ ရုတ်တရက်ထွက်မလာသဖြင့် နန်းကိန္နရီ သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူသည် စီးကရက်ကို အားပါးတရ ရှိုက်ဖွာလိုက်သည်။ စီးကရက်လိပ်မှ မီးကျီးခဲကြောင့် သူ့မျက်နှာကိုမြင်ရသည်။ သူ၏မျက်ဝန်းမှ တောက်ပမှုကို တွေ့ရပြန်သည်။

"တကယ်ပြောတာ မနန်းကိန္နရီ။ ကျွန်တော်စတွေ့ကတည်းက ဒီစကားကို ပြောချင်နေတာ။ ပြောသင့် မပြောသင့် ချင့်ချိန်နေလို့"

နန်းကိန္နရီ၏ရင်တွင် တုန်ယင်လာရပြန်လေပြီ။ ပူနွေးလာရပြန်လေပြီ။ သူဘာများပြောချင်ပါလိမ့်။ သူ၏စကားမှာ အသည်းနှလုံးနှင့်စပ်လျဉ်းသော စကားမျိုးများ ဖြစ်လေမလား။ တစ်ခါတည်းနှင့်ပင် မိမိအား ချစ်ခွင့်ပန်လာလေမည်လား။ ထို့ကြောင့်ပင် အချီးတွေ၊ နိဒါန်းတွေ ပျိုးနေလေသလားစသည်ဖြင့် စိတ်လှုပ်ရှားစွာ စဉ်းစားမိသည်။

တစ်ဆက်တည်းမှာလည်း သူကသာ ချစ်ခွင့်ပန်လာလေလျှင် မည်သည့်စကားဖြင့် တုံ့ပြန်ရပါလိမ့်။ လက်ခံရလေမလား။ ငြင်းပယ်ရလေမလား။ မည်သို့ဆိုစေ အနည်းအပါးလောက်တော့ ဣန္ဒြေထားဦးမှ၊ စတိလောက်တော့ ငြင်းပယ်ဦးမှ။ သို့မဟုတ်လျှင် အညှာလွယ်လှသည် ဆိုကာ အထင်သေးမှာ စိုးရသေးသည်။ သူ မကမ်းခင်က လှမ်းချင်သည်ပင်ဖြစ်စေ၊ သူ မဆွတ်ခင်က ညွတ်ချင်သည်ပင်ဖြစ်စေ၊ မိန်းကလေးတစ်ယောက်အနေနှင့် ဈေးကိုင်ထားဦးမှ။

"မနန်းကိန္နရီကို ကျွန်တော်ပြောဖူးတာ မှတ်မိသေးတယ်မဟုတ်လားဟင်"

မျိုးထွန်းသိန်းမေးသည်။

"ဘာကိုလဲ။ အရီ့ကို ကိုမျိုးပြောတာတွေ အများကြီးပဲဟာ"

"မဟုတ်ဘူးလေ။ မနန်းကိန္နရီကို ပင်းဘုရားပွဲမှာတွေ့ရတော့ ကျွန်တော့် အသိမိန်းကလေးတစ်ယောက်နဲ့ တူတယ်ဆိုတာ"

နန်းကိန္နရီသည် မျှော်လင့်ထားသော စကားကို မကြားရသည့်အတွက် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ ထိုင်ရာမှ ထလိုက်သည်။

"အရီ ပြန်တော့မယ်"

သည်စကားကို ဆိုမိသည်။

"ကျွန်တော်ပြောတာ စိတ်မဝင်စားဘူးလားဟင်။ နားမထောင်ချင်ဘူးလား"

"ကိုမျိုး အဲလစ်အကြောင်းပြောမလို့မဟုတ်လား။ နားမထောင်ချင်ပါဘူး။ စိတ်မဝင်စားပါဘူး"

"နေစမ်းပါဦး။ မနန်းကိန္နရီရယ်"

"နောက်တစ်ခုပြောရဦးမယ်။ အရီ့ကို "မနန်းကိန္နရီ" လို့ ဆက်ပြီးခေါ်နေမယ်။ ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဆက်ပြီးပြောနေဦးမယ်ဆိုရင် ကိုမျိုးနဲ့အရီနဲ့ ဒီတစ်ခါ အပြတ်ပဲ။ နောက် ဘယ်တော့မှ အရီ့ကို မခေါ်နဲ့တော့"

မျိုးထွန်းသိန်းသည် အကြံရခက်သလို ဖြစ်သွားသည်။

"ကျောင်းမှာ စာပြတော့အချို့ကျောင်းသူကျောင်းသားတွေဟာ ကိုယ်နဲ့ အသက်ရွယ်တူတန်းတူလိုဖြစ်နေလို့ နာမည်မှာ "မ" ထည့်ခေါ်တာ။ အကျင့်ပါနေတာပါ"

သူက နန်းကိန္နရီ စိတ်မရှင်းသည်ကို ရှင်းပြသည်။ ထို့နောက် ဖျတ်ခနဲဆိုသလို နန်းကိန္နရီ၏လက်ကို ဆွဲလိုက်သည်။ ရုတ်တရက်ဖြစ်၍ နန်းကိန္နရီ လက်ကို ရုန်းရကောင်းမှန်းမသိ။ သတိမရ။

"ထိုင်စမ်းပါဦး။ ဒေါသရှေ့ထား မှားတော့မပေ့ါ မနန်း အဲ အရီ"

သူက လက်ကိုဆွဲလိုက်သဖြင့် နန်းကိန္နရီ ထိုင်လိုက်ရသည်။

နန်းကိန္နရီ ထိုင်မိမှ သူက လက်ကို လွှတ်ပေးလိုက်သည်။

"ဒီမှာ ပြောတာကို နားထောင်စမ်းပါ။ အဲလစ်ဆိုတာ အခြားသူမဟုတ်ဘူး။ စောစောကပြောတဲ့ ချစ်သူ၊ ငယ်ငယ်ကလေးကတည်းက ချစ်ရတဲ့သူ"

"အခုထိ စိတ်မဝင်စားသေးဘူး"

"သူနဲ့ တွေ့ကြတာ အထက်တန်းကျောင်း စရောက်တဲ့နှစ်ကတည်းက၊ ချစ်မိတာကတော့ ဆယ်တန်းဖြေတဲ့နှစ်မှာဆိုပါတော့"

"ဒါတွေက ဖြစ်ရိုးဖြစ်စဉ်တွေပါ"

"ဒါနဲ့ စောစောကတော့ ဒီအကြောင်းကိုပဲ ပြောပြပါဆို"

"ဒါက စောစောကပဲ၊ အခုမှမဟုတ်ဘဲ"

"ကိုယ်ကတော့ ပြောရဦးမယ်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ကြတော့ တစ်ယောက်နဲ့ တစ်ယောက် အသည်းပေါက်မတတ် ချစ်ကြတုန်း"

"ဩော်၊ ဩော်"

"ဒီမှာတင် အိမ်က သဘောမတူနိုင်ဘူးဆိုတာနဲ့ သူကစပြီး စိတ်ကောက်သွားခဲ့တယ်"

"အင်း အင်း"

"ဒီမှာတင် နှစ်ယောက်သား အချစ်ကနေ အမုန်းဖြစ်သွားခဲ့တယ်"

"သနားစရာ"

"ဒါပေမဲ့ သူ့ကို ကိုယ် ဒီကနေ့အထိ မမုန်းဘူး၊ မမေ့ဘူး"

"ကျွတ်ကျွတ်၊ ထားမိတဲ့ မေတ္တာတွေ၊ မေတ္တာတွေ"

နန်းကိန္နရီက အဘယ်မျှအနှောင့်အယှက်ပေးသည်ဆိုစေ မျိုးထွန်းသိန်း စကားဆက်သည်။

"သူကျောင်းက ထွက်သွားပြီးကတည်းက မတွေ့ခဲ့ကြတော့ဘူး။ ဒီကနေ့အထိ တစ်ကြိမ်မှပြန်ပြီး မျက်နှာချင်းမဆိုင်မိတော့ဘူး"

"မြားနတ်မောင် သူကျီစယ်ဆိုတာ ဒါမျိုးပေ့ါ"

မျိုးထွန်းသိန်း သက်ပြင်းရှိုက်သည်။

"မနန်း၊ အဲ အရီ့ကို ကိုယ်စိတ်ဝင်စားတာ။ အမှတ်ထင်ထင်ရှိနေမိတာတွေဟာ အဲလစ်နဲ့အရီနဲ့ သိပ်တူနေလို့ပဲ"

"လူတူမရှား၊ နာမည်တူမရှားဆိုသလို ဖြစ်ပါလိမ့်မယ်"

"ဟုတ်တယ်။ ဒီလိုပဲဖြစ်ပါလိမ့်မယ်။ အရီ့မှာ အစ်မ သို့မဟုတ် ညီမရှိသလားဟင်"

"ဟင်"

သည်အမေးအတွက်မူ နန်းကိန္နရီ တုန်လှုပ်ရလေပြီ။ စောစောကလို အရွှန်းမဖောက်နိုင်တော့"

"အရီ အဲလစ်ဆိုတဲ့ နာမည်ကို မကြားဖူးဘူးလားဟင်"

"ဟင့်အင်း"

"တစ်ခါမှလည်း မဆုံဖူးဘူးပေ့ါ"

"မဆုံဖူးပါဘူး"

"အဲလစ်ဟာ အရီနဲ့ ညီအစ်မများ တော်နေမလားလို့ အခါခါ စဉ်းစားမိတယ်"

"ဟင့်အင်း။ ဒီလိုမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အရီ့မှာ အစ်မလည်းမရှိဘူး၊ ညီမလည်းမရှိဘူး၊ အစ်ကိုလည်းမရှိဘူး၊ မောင်လည်းမရှိဘူး။ အရီဟာ တစ်ကောင်ကြွက်"

နန်းကိန္နရီအသံမှာ ငိုသံပါချင်လာသည်။

ကာလအတန်ကြာမျှ အမေ့မေ့အလျော့လျော့ အပျောက်ပျောက် အပျက်ပျက်ဖြစ်နေခဲ့သော အတိတ်ကဖြစ်ရပ်တို့ကိုတစ်ခဏချင်းမှာပင် နန်းကိန္နရီ သတိရသည်။ အတိတ်လှိုင်းဂယက်သည် ရင်ထဲတွင် ရိုက်ခတ်လာသည်။ မိမိ၏ဘဝ အစစ်အမှန်ကို ပြန်ပြောင်းစဉ်းစား၍လည်း လာမိပြန်ချေပြီ။

သည်တော့လည်း ရင်ထဲမှာ နာကြည်းကြေကွဲခြင်းများ ပေါ်ပေါက်လာသည်။ ဆို့ဆို့နင့်နင့် ရှိလာမိပြန်သည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီ စိတ်လှုပ်ရှားသွားရသည်ကို အကဲခတ်မိဟန်တူသည်။ သူ၏စကားများအတွက် နန်းကိန္နရီ စိတ်အနှောင့်အယှက်ဖြစ်ရသည်ကို တွေးမိပုံရသည်။

"အေးလေ၊အခုလိုပြတ်ပြတ်သားသား သိလိုက်ရတော့ ရင်ထဲမှာ ရှင်းသွားတာပေ့ါ။ သံသယကင်းသွားရတာပေ့ါ "

သူကစကားဖြတ်ထားလိုက်သောအခါတွင် တိတ်တိတ်ဆိတ်ဆိတ်ကြီး ဖြစ်သွားသည်။ နန်းကိန္နရီသည် တိတ်တခိုး သက်ပြင်းရှိုက်နေမိသည်။

"အရီ" သူက ခေါ်သည်။

နန်းကိန္နရီ မထူးမိ။

သူသည် နန်းကိန္နရီ၏လက်ကို ဆုပ်ကိုင်ကာ ဖျစ်ညှစ်အားပေးသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါအရီ။ ကိုယ်ဟာ သူတစ်ပါးရဲ့အကြောင်းတွေကို သိပ်စပ်စုရာကျသွားပြီထင်တယ်"

နန်းကိန္နရီ ဘာမျှပြန်မပြော။

"တကယ်လို့ ဒီစကားမျိုး မကြားချင်ဘူးဆိုရင် နောက်မပြောတော့ဘူး အရီ၊ ကိုယ့်ဆီက နောက်ဒါမျိုး မကြားစေရပါဘူးလို့ ကတိပေးပါတယ်"

နန်းကိန္နရီသည် ငြိမ်နေသည်။ အဝေးသို့ လှမ်းကြည့်နေသည်။ မျက်ဝန်းမှ မျက်ရည်ဝဲရပြီကွယ်။ ကြည့်မြင်ရလေသမျှ မှုန်နေသည်။ ဝါးနေသည်။

နာကြည်းကြေကွဲဖွယ် အတိတ်ကို သတိရဖွယ်အကြောင်းများ အဘယ်ကြောင့် စကားစပ်ခဲ့ပါလိမ့်။ သူသည် အဘယ်ကြောင့် မိမိအား ကြေကွဲဝမ်းနည်းစေချင်ပါလိမ့်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ၊ လှုပ်ရှားမှုတစ်စုံတစ်ခု မပြုမိကြဘဲ ငြိမ်သက်ထိုင်နေမိကြသည်။

ဆက်လက်ဖော်ပြပါမည်။

"တကယ်ပြောတာ မနန်းကိန္နရီ၊ ကျွန်တော်စတွေ့ကတည်းက ဒီစကားကိုပြောချင်နေတာ။ ပြောသင့် မပြောသင့် ချင့်ချိန်နေလို့"
နန်းကိန္နရီ၏ရင်တွင် တုန်ယင်လာရပြန်လေပြီ။ ပူနွေးလာရပြန်လေပြီ။ သူဘာများပြောချင်ပါလိမ့်။ သူ၏စကားမှာ အသည်းနှလုံးနှင့်စပ်လျဉ်းသော စကားမျိုးများ ဖြစ်လေမလား။ တစ်ခါတည်းနှင့်ပင် မိမိအား ချစ်ခွင့်ပန်လာလေမည်လား။ ထို့ကြောင့်ပင် အချီးတွေ နိဒါန်းတွေ ပျိုးနေလေသလား စသည်ဖြင့် စိတ်လှုပ်ရှားစွာ စဉ်းစားမိသည်။
တစ်ဆက်တည်းမှာလည်း သူကသာ ချစ်ခွင့်ပန်လာလေလျှင် . . .

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



## အီတလီအသင်းကို အနိုင်ရပြီး အာဂျင်တီးနားအသင်း Finalissima ဖလားဆွတ်ခူး

ဥရောပချန်ပီယံ အီတလီအသင်းနဲ့ တောင်အမေရိက ချန်ပီယံ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ Finalissima ဖလားပွဲစဉ်မှာ အာဂျင်တီးနားအသင်းက အီတလီအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဂျင်တီးနားအသင်းဟာ Finalissima ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၈ မိနစ်မှာ မာတီနက်ဇ်၊ ၄၅ မိနစ်မှာ ဒီမာရီယာနဲ့ မိနစ် ၉၀ မှာ ဒိုင်ဘာလာတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး အာဂျင်တီးနားအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အသင်းရဲ့သမိုင်းတစ်လျှောက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၃၂ ပွဲမှာ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အခုပြိုင်ပွဲဟာ ၂၉ နှစ်တာကာလအတွင်း ဥရောပချန်ပီယံအသင်းနဲ့ တောင်အမေရိကချန်ပီယံအသင်းတို့အကြား ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တဲ့ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ဥရောပချန်ပီယံအသင်းနဲ့ တောင်အမေရိကချန်ပီယံအသင်းတို့အကြား ယခင်က ထိပ်တိုက်တွေ့ဆုံမှုတွေမှာတော့ ၁၉၈၅ ခုနှစ်မှာ ပြင်သစ်အသင်းက ဥရုဂွေးအသင်းကို အနိုင်ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်မှာတော့ အာဂျင်တီးနားအသင်းက ဒိန်းမတ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

## ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ် ပြင်သစ်အိုးပင်း ဆီမီးဖိုင်နယ် တက်လှမ်း

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်ဟာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ ပိုလန်တင်းနစ်မယ် ဂျက်ဆီကာ ပီဂူလာကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဆွီယာတက်ခ်ဟာ ဂျက်ဆီကာပီဂူလာကို ၆-၃၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ ဒါရီယာကာဆက်ကီနာနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒါရီယာကာဆက်ကီနာဟာ ကွာတားဖိုင်နယ်အဆင့်မှာ ကူဒါမီတိုဗာကို ၆-၄၊ ၇-၆(၇-၅) နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ ခရိုအေးရှားတင်းနစ်ကစားသမား မာရင်စီလစ်ဟာ ရုရှားတင်းနစ်ကစားသမား ရုဘ်လက်ဗ်ကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ မာရင်စီလစ်က ရုဘ်လက်ဗ်ကို ၅-၇၊ ၆-၃၊ ၆-၄၊ ၃-၆၊ ၇-၆(၁၀-၂)နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး မာရင်စီလစ်ဟာ ဆီမီးဖိုင်နယ်အဆင့်မှာ နော်ဝေတင်းနစ်ကစားသမား ကက်စပါရုဒ်နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

## ပီအက်ဖ်အေအကောင်းဆုံးဆုအတွက် တင်သွင်းခံရသူများ အမည်စာရင်း ထွက်ပေါ်

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်း၊ မန်ယူတိုက်စစ်မှူး စီရိုနယ်လ်ဒို၊ လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလာ၊ မာနေးနဲ့ နောက်ခံလူ ဗန်ဒိုက်တို့ဟာ ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် အမည်စာရင်း တင်သွင်းခံရသူတွေထဲမှာ ပါဝင်နေတယ်လို့ သိရပါတယ်။

ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးဆုအတွက် အမည်စာရင်း တင်သွင်းခံရတဲ့ထဲမှာ စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းပါဝင်ခဲ့ပေမယ့် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ တိုက်စစ်မှူး ဆွန်ဟောင်မင်ကတော့ ပါဝင်လာခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။

ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရှင်ကို ဇွန် ၉ ရက်မှာ ထုတ်ပြန်ကြေညာမှာဖြစ်ပြီး ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းမှ ဒီဘရိုင်းဟာ အခုနှစ် ဘောလုံးရာသီမှာ သွင်းဂိုး ၁၅ ဂိုးနဲ့ ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့တာကြောင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ ပရီမီယာလိဂ်အကောင်းဆုံးကစားဆုကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုအတွက် လက်ရှိမှာ ကစားသမား ခြောက်ဦး အမည်စာရင်းတင်သွင်းခံထားရပြီး အဲဒီခြောက်ဦးထဲမှာ ပရီမီယာလိဂ် သွင်းဂိုး ၁၄ ဂိုး သွင်းယူထားတဲ့ မန်စီးတီးအသင်းမှ လူငယ်ကစားသမား ဖီးလ်ဖိုဒန်က ထိပ်ဆုံးမှာ ပါဝင်နေတာ ဖြစ်ပါတယ်။


### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (A-၃၇၈)၊ မြေဧရိယာ(၀.၂၃၆)ဧကရှိ ဦးစိုးအောင် (ဘ) ဦးဗိုလ်[၉/မထလ(နိုင်)၁၇၆၉၁၄]အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဦးစိုးအောင်ထံမှ မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၇၄/၂၀၂၁)၊ (၁၉-၁၂-၂၀၂၁) ရရှိထားသူ ဒေါ်ချိုမြတ်ဝင်း (ဘ) ဦးခင်အုန်း [၁၂/လသယ(နိုင်)၀၃၂၈၉၈]မှ ဦးကျော်ဝင်း (ဘ) ဦးဘအောင်[၅/မရန(နိုင်)၀၀၆၆၅၇]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်-(၆၁)ဟုခေါ်တွင်သည့် (၄)ထပ်တိုက်၊ (၂)ခန်းတွဲ၊ အဆောက်အဦရှိ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ)ရှိ (ပထမ)ထပ်၊ (ခြေရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၂၀-၁-၁၉၉၈)ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်စာချုပ်"အရ ဒေါက်တာထွန်းကြည် [၁၃/တကန(နိုင်)၁၂၆၀၆၇]၊ ဒေါ်ကြည်ကြည်အေး [၁၃/တယန(နိုင်)၀၁၇၂၀၆]တို့ (၂)ဦးအမည်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဒေါက်တာထွန်းကြည်နှင့် ဒေါ်ကြည်ကြည်အေးတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ရောင်းသူ ဦးတင်ဝေ [၁၂/လမတ(နိုင်)၀၂၁၁၄၉]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသောကြောင့် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉-၄၅၀၀၃၁၂၉၂**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ ၂၂ လမ်း၊ အိမ်အမှတ် ၄၈၈ နေ ဒေါ်အေးအေးခိုင်၏ သမီးဖြစ်သူ မဖြိုးရတနာကျော် [၁၂/ဥကတ(နိုင်)၂၀၈၆၈၁] ကိုင်ဆောင်ထားသူသည် မိခင်၏ဆိုဆုံးမမှုအား မလိုက်နာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မဖြိုးရတနာကျော်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိခင်ဖြစ်သူနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်အေးအေးခိုင်**
**[၁၂/ဥကတ(နိုင်)၁၅၉၁၉၈]**
**မေးမြန်းစုံစမ်းခြင်းသည်းခံပါ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ မြို့မလမ်း၊ တိုက်အမှတ်-၅၇မှ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၄)လွှာ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း) တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ ရေမီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ချိုချိုဝင်း [၁၀/မလမ(နိုင်)၀၅၁၆၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြလင်း [၇/ပတန(နိုင်)၀၈၄၄၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မြလင်း**
**[၇/ပတန(နိုင်)၀၈၄၄၆၉]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**
**ရုံး-အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

### အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန် အရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၄၄၅)၊ ဧရိယာ(၀.၅၆၁)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာစန်းလွင် (ဘ) ဦးသိန်းဖေ[၁၂/လမန(နိုင်)၁၀၇၇၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၂၇-၅-၂၀၂၂)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၉)**
**အမှတ်(၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်။ ဖုန်း- ၀၉-၇၉၉၁၂၃၀၀**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၆)၊ မြေညီ(တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၄၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းရီ (AG-၃၀၉၃၉၉) [၁၂/ဗဟန(နိုင်)၀၈၁၀၅၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes (Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၉၇၅၀၂၁၈၄၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်(၁၁၉)၊ မြေဧရိယာ(ပေ ၄၀ x ပေ ၆၀)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အမှတ်(၁၁၉)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းဦး[၁၂/ရကန(နိုင်)၀၂၀၂၆၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စအား မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes (Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၉၇၅၀၂၁၈၄၁**

တောတောင်
ပျက်ပြုန်း
မြေဆီ သုဉ်း၏

ဥတုရာသီ တောကိုမှီ၏

## ဒေါ်ယဉ်ယဉ်ဦး

**BA, BE.D, Dip in Global English**

**အလံပြဘုရား၊ ပျိုးခရမ်း၊ တော်လန်း၊ ကွမ်းခြံကုန်း**

**အ.ထ.က(၂) မှော်ဘီ၊ အ.ထ.က(၅) မင်္ဂလာဒုံ**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်နေ (အရာခံဗိုလ်တင်စိုး၀ေ)-ဒေါ်မြင့်(ပတ္တမြားဈေး)တို့၏ သမီးကြီး၊ မုံရွာမြို့နေ (ဦးတက်စိန်-ဒေါ်ဆိုင်း)တို့၏ သမီးချွေးမ၊ ဦးလှမောင် (စီးပွားရေးပညာရှင်၊ စာရေးဆရာ အောင်ချိန်ဘွား၊ အမျိုးသားစာပေဆု၊ ယခင်ကုန်သွယ်ရေး ဒု-ညွှန်မှူး)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်လတ်(တပ်ကြပ်ကြီး-ငြိမ်း)၊ ဒေါ်နှင်းနှင်းအေး(မူပြ-ငြိမ်း၊ ပတ္တမြားဈေး)၊ ဦးကျော်ဝင်းခိုင်-ဒေါ်ပောဝင်းမော်(မင်္ဂလာဒုံဈေး)၊ (ဒေါ်ဥမ္မာအေး)တို့၏ ချစ်လှစွာသောအစ်မကြီး ဆရာမ ဒေါ်ယဉ်ယဉ်ဦးသည် ၁-၆-၂၀၂၂ ရက် ညနေ ၆:၃၅ နာရီတွင် ရန်ကုန်မြို့ ကောင်းဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်အေး

**အသက်(၉၄)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စမ်းစမ်းပွားတို့၏ဖခင် ဦးစိန်အေး အသက်(၉၄)နှစ်သည် ၂-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောဦးစီးဌာန**

**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်အေး

**အသက်(၉၄)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စမ်းစမ်းပွားတို့၏ဖခင် ဦးစိန်အေး အသက်(၉၄)နှစ်သည် ၂-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ရွှေ

**အသက်(၇၇)နှစ်**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဒေါ်ခင်မိုးမိုး (ဒု-ညွှန်မှူး၊ အား/ကာဦးစီးဌာန)၏ မိခင်ဖြစ်သူသည် ၁-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ**

**ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အမှုဆောင်များ**

**နည်းပြဆရာများနှင့် အားကစားသမားများ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အောင်ချမ်းသာတိုးချဲ့(အေးမေတ္တာ)၊ မြေကွက်အမှတ် (၅၀၄)ဟုခေါ်တွင်သည့် မြေချပါမစ် ဒေါ်လဲ့လဲ့မြင့် [၁၁/စတန(နိုင်)၀၇၆၂၁၉]အမည်ဖြင့် မှတ်သားတည်ရှိသော (ပေ ၄၀ x ပေ ၆၀) အကျယ်အဝန်းရှိ ပါမစ်မြေကွက်ကို ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ လက်ရှိပိုင်ဆိုင်သူ ဒေါ်လှလှဌေး [၁၂/လသန(နိုင်)၀၁၃၆၃၇] က ရောင်းချရန် ကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်ဦး [၉/ကပတ(နိုင်)၂၁၅၅၅၁]က ဝယ်ယူရန်သဘောတူညီခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပြည့်စုံဖြိုး**

**အထက်တန်းရှေ့နေ(စဉ်-၄၉၆၇၇)**

**အမှတ်(၁၂)၊ သမိန်ဗရမ်းလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**

**ဖုန်း-၀၉- ၂၅၀၀၆၀၁၆၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ သာဘန်းလမ်းနေ **ဦးကျော်မြင့် [၁၁/စတန(နိုင်)၁၃၉၃၉၄]**နှင့် **ဒေါ်လှလှဝင်း[၁၁/စတန(နိုင်)၁၃၉၃၉၅]**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၎င်းတို့၏ မွေးစားသားဖြစ်သူ **မောင်ကျော်စောလှိုင် [၁၁/စတန(နိုင်)၁၃၉၉၄၇]**သည် မိဘ မောင်နှမများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအ၀၀ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကျော်မြင့်-ဒေါ်လှလှဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

## ရဟန်းဒါယကာကြီး

## ဦးအုန်းမောင်

**အသက်(၈၉)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်(၁၃)၊ အခန်း(၀၅)၊ ကံ့ကော်အိမ်ရာနေ (ဦးဘိုးမြစ်- ဒေါ်မယ်တင့်)တို့၏သား၊ ဒေါ်မြအုန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းလင်းကျော် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်တင်တင်ဝင်း(အစိုးရအဖွဲ့ရုံး)၊ ဦးမြင့်အုန်း (မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်စန်းစန်းနွယ် (ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးဇော်မင်း (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်အေးအေးမာ (မမကြီးအထည်ဆိုင်၊ သပြေကုန်းဈေး)၊ ဦးသက်နိုင်- ဒေါ်နွယ်နီ (သန့်ဇင်အထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးဝင်းခိုင်)-ဒေါ်စန်းစန်းဝေ (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)တို့၏ဖခင်၊ ဦးကျော်မင်းထွန်း(နေပြည်တော်စည်ပင်)-ဒေါ်မျိုးသရဖီမောင်တို့၏အဘိုး၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၆-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ကျွဲကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းကျော်

**သ/မ ဦးစီးဌာန(ငြိမ်း)၊ ရေကြည်မြို့**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ကွမ်းခြံ(၇)လမ်း၊ တိုက်(၁၁)၊ အခန်း(၃၁၁)နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါက်တာမျိုးအောင်-ဒေါ်တင်ဥမ္မာကျော်၊ ဒေါ်မေမြတ်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး နှစ်ယောက်တို့၏အဘိုး ဦးအုန်းကျော်သည် ၁-၆-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်အေး

**အသက်(၉၄)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စမ်းစမ်းပွားတို့၏ဖခင် ဦးစိန်အေး အသက်(၉၄)နှစ်သည် ၂-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁) သစ်တောတွင်းလုပ်ငန်း**

**ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ဦးဝိစာရလမ်း၊ မြေကွက်အမှတ် (၈၄၁)၊ ဦးသိန်းလွင် (AA-၀၂၉၁၁၅) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးမြင့် [၆/ထဝန(နိုင်)၀၁၉၅၂၁]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး(H.G.P, LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**

**ရုံး- (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉- ၅၄၀၇၂၂၉**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၅၉

ဒေါ်တင်လှ(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဦးဝင်းမြင့်အောင်) နှင့် ဒေါ်မေဝင်းသော်

**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု ၂၈၇/၂၀၁၅ အမှုတွင် ချမှတ်သောအမိန့်ကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်း၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ်-၁၈၊ အခန်းအမှတ်-၅၂ နေ အယူခံတရားပြိုင် ဒေါ်မေဝင်းသော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် "အယူခံတရားလို ဒေါ်တင်လှကွယ်လွန်သဖြင့် သားသမီး (၄)ဦးတို့မှ တရားဝင်ကိုယ်စားလှယ်လျှောက်ထားမှုအအပေါ် သဘောထားတင်ပြရန်"နှင့် ပတ်သက်၍ အယူခံတရားပြိုင် ဒေါ်မေဝင်းသော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုမိုအောင်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဘ၀နတ်ထံစံမြန်းတော်မူခြင်း

**ရွှေကျင်နိကာယ မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်**

## ဘဒ္ဒန္တဉာဏလောက

**သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်**

ခမည်းတော်(ဦးလုံး)-မယ်တော်(ဒေါ်တင်မြ)တို့၏သားရဟန်းတော်၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ တေဇရံသီ ရွှေကျင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏလောကသည် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက်) ၂-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၅၆ နာရီတွင် ဘ၀နတ်နန်း စံမြန်းတော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၆ ရက်) ၄-၆-၂၀၂၂ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တေဇရံသီရွှေကျင်ကျောင်း

စျာပနကျင်းပရေးကော်မတီ

## ဒေါ်ခင်ရွှေ

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်းခရိုင်)၊ ရှမ်းချောင်းရပ်နေ ဒေါ်ခင်မိုးမိုး (ဒု-ညွှန်မှူး၊ အား/ကာဦးစီးဌာန)၊ ဦးမြတ်သူ-ဒေါ်ခင်မျိုးမျိုး(နဒီစတိုး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုမျိုးကိုကို-မချိုချိုအေး၊ ကိုဖြိုးကိုကို-မဥမ္မာဦး၊ မနဒီဖြိုးဆင့်ခိုင်၊ မောင်ထက်အောင်ရှိုင်းတို့၏အဘွား၊ ဦးသန်းဝင်း၏ချစ်လှစွာသောဇနီး ဒေါ်ခင်ရွှေသည် ၁-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂ (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်းရပ်၊ တိုက်(၁)၊ အခန်း(၇)နေ ဦးမြတ်သူ-ဒေါ်ခင်မျိုးမျိုး(နဒီစတိုး)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## PA NGO HANG (ဦးငိုဟန်)

**မြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန(ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ (၂/၁) ဦးဝိစာရအိမ်ရာနေ (UP. Ngin Za Thang-Daw Pau Ngiak)တို့၏သား၊ Nu Vung Suan Cing ၏ ချစ်လှစွာသောခင်ပွန်း၊ Rev. Dr. Vungh Lian-Nu Vung Za Huai (USA), Nu Zam Neam-Pa Lian Khua Nang (Khuasak), U Suan Khai (Ygn) တို့၏ ညီ/မောင်၊ Pa Lian Kam-Rev. Ngiak Ngo Neam (USA), Nu Ciang Khup-Pa Lian Do (USA), U Mang Awn (Ygn), Rev. Ruth Dim Kaany (Ygn), Pa Cin Do-Nu Htwe Htwe Yee (USA) တို့၏ အစ်ကို၊ Lia Ngiak Khai နှင့် Lia Dim Suan တို့၏ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး Pa Ngo Hang သည် ၁-၆-၂၀၂၂ ရက် ည ၈:၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက် ၂၈၊ အခန်း ၁၀၄၊ အင်ကြင်းလမ်း (B)၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်နှင့် ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားကျောင်းတို့မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

သုဝဏ္ဏဘူမိသထုံအသင်း (ရန်ကုန်)

ဘုရား၊ ရဟန်း၊ ကျောင်း

ဒါယိကာမကြီး

## ဒေါ်ထွားကြည်

**အ.ထ.ပြ (ငြိမ်း)၊ သထုံအသင်းဝင်**

**အသက်(၈၁)နှစ်**

သထုံမြို့၊ ဘူတာလမ်းနေ (ဦးဘိုးချိန်-ဒေါ်သိန်းရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ပါရမီဗီလာ၊ အမှတ် (၆၅)၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးသိန်းအောင်)၏ဇနီး အသင်းဝင်အမှတ်(၁၆၃၃) ဒေါ်ထွားကြည်သည် ၃၀-၅-၂၀၂၂ ရက် ည ၁၁:၃၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေတွင် ရန်ကုန်မြို့ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။

Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။





## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူဦးရေ ၈၀၀၃၉၅ ဦးရှိ



ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၂

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၏ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ရာ ကျောင်းအပ်နှံမှု စတင်လက်ခံသည့် ရှစ်ရက်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူဦးရေ ၈၀၀၃၉၅ ဦးရှိကြောင်း သိရသည်။

### ကျောင်းစတင် တက်ရောက်

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့်ကျောင်းများကို ယနေ့စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်လန်းဆန်းစွာ ကျောင်းစတင်တက်ရောက်ကြသည်ကို တွေ့ရသည်။

ကျောင်း၏လုံခြုံရေးနှင့် ကျောင်းတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိ**
စာမျက်နှာ » ၁၂




**ဂျပန်နိုင်ငံ ကန်ဗိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘာသာပြန်ကိရိယာများ အသုံးပြုမည်**
စာမျက်နှာ » ၁၃



**အီတလီအသင်းကို အနိုင်ရပြီး အာဂျင်တီးနားအသင်း Finalissima ဖလားဆွတ်ခူး**
စာမျက်နှာ » ၂၁